# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 11 May 2021 ၁၀၃၇၀


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေး အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာရရှိအောင် ဆောင်ရွက်

## ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၀/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁၀/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့သည် ကြားကာလတာဝန်ယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်၍ရသည်များကို နိုင်ငံအတွက် ကျယ်ကျယ်ပြန့်ပြန့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳


ကြေးမုံ ယနေ့ ဖတ်စရာ

သုပ္ပဗုဒ္ဓလို လူစား အများသားလား
စာမျက်နှာ » ၆

လူမှုကွန်ရက်ပေါ်မှ သတင်းမှားဝါဒဖြန့်မှုနှင့် အကျိုးဆက်
စာမျက်နှာ » ၁၆



စင်ကာပူ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရန် ဂျာမနီဆေးဝါးကုမ္ပဏီ စီစဉ်
စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံ့စားနပ်ရိက္ခာဖူလုံ ပြည်သူလိုအပ်ချက်ဖြည့်ဆည်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)တွင် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်သည် ထက်ဝက်မျှပါဝင်ပါသည်။ လုပ်သားဦးရေ သုံးပုံနှစ်ပုံခန့်ကို အလုပ်အကိုင်များ ရရှိစေနိုင်ပြီး နိုင်ငံ၏ ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး၌ အဓိကအရင်းအမြစ်ကုန်ပစ္စည်းဖြစ်သည်။ နှစ်စဉ်တိုးပွားနေသော ပြည်တွင်းလူဦးရေအတွက် စားနပ်ရိက္ခာလောက်ငဖူလုံနေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာ စုဆောင်းမှုနှင့် အရင်းအနှီးတည်ဆောက်မှုကို ဖြစ်ပေါ်စေသည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၇၀ ရာခိုင်နှုန်း၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးဖြစ်သည်။ လယ်ယာမြေများ တိုးချဲ့လာနိုင်ခြင်း၊ လုပ်သားနှင့်အရင်းအနှီး များပြားလာလျှင် ကုန်ထုတ်လုပ်မှုလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာလျှင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သည်။

လက်ရှိအခြေအနေအချိန်အခါတွင် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး မတည်ငြိမ်မှုများရှိနေ၍ စားနပ်ရိက္ခာအတွက် စိုးရိမ်ပူပန်မှုရှိမည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်သူပြည်သားများအတွက် အဓိကစားသုံးကုန်ဖြစ်သည့် ဆန်စပါးသီးနှံအထွက်နှုန်းမှာ လောက်ငဖူလုံနေသဖြင့် ဆန်ကိုအဓိကထားသော လက်လုပ်လက်စား အခြေခံပြည်သူများ အဆင်ပြေစွာစားသုံးနိုင်သည့် အခြေအနေရှိသည်။ မြန်မာနိုင်ငံရှိ အခြေခံပြည်သူများအတွက် ဆန်လုံလောက်မှုရှိ၍ စိုးရိမ်ပူပန်ဖွယ်မရှိ၊ စိတ်အေးလက်အေး ဝယ်ယူစားသုံးနိုင်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေး၊ ပြည်တွင်း ဆန်ပြတ်လပ်မှုမရှိစေရေးနှင့် ဆန်လိုအပ်သည့်ဒေသများတွင် ဆန်သိုလှောင်ရောင်းချနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် အခြေခံစားသုံးကုန်ဆန်ကို ဦးစားပေးဆောင်ရွက်နေသည့် အနေအထားရှိပြီး ဆန်လိုအပ်သည့်ဒေသများတွင် ဆန်ကိုသယ်ယူပို့ဆောင်သိုလှောင်ရောင်းချနိုင်အောင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆန်ကုန်သည်များ၊ လုပ်ငန်းရှင်များပူးပေါင်း၍ စားသုံးသူပြည်သူများ အဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းတွင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ဆန်ဈေးနှုန်းတည်ငြိမ်ပါမှ အခြေခံပြည်သူများ အဆင်ပြေမည်ဖြစ်သည်။ အဓိကကျသည့် ဆန်စပါးကုန်စည်ဒိုင်များမှာ မြို့ကြီးများတွင်ရှိပြီး ကုန်စည်ဒိုင်ကြီးများနှင့် လက်လီဒိုင်များတွင် ဆန်အမျိုးမျိုးကို လွယ်လွယ်ကူကူ ပုံမှန်အတိုင်းနီးပါး ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သို့မှသာ စားသုံးသူပြည်သူများအတွက် ပုံမှန်ဈေးနှုန်းကို ထိန်းထားနိုင်ခြင်းဖြင့် မပူမပင် ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။ ယနေ့ကာလတွင် အချို့ဆန်အမျိုးအစားများမှာ ဈေးနှုန်းတက်သည့်သဘောရှိပြီး ဈေးနှုန်းတက်ရခြင်းအကြောင်းမှာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်မှု၊ ခက်ခဲမှု၊ ဘဏ်များတွင် ငွေလွှဲလုပ်ငန်းများ အဆင်မပြေမှုတို့ကြောင့် နယ်မြေဒေသအချို့တွင် ဈေးနှုန်းတက်လာရခြင်းဖြစ်သည်။ ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ငွေကြေးစီးဆင်းမှုလည်ပတ်ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခြေအနေတို့ကြောင့် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု လတ်တလောကျဆင်းနေပြီး ပုံမှန်ဆန်တင်ပို့နိုင်မှုမှာ ၄၀ ရာခိုင်နှုန်းခန့်သာရှိသည်။ ပြည်ပသို့ ဆန်တင်ပို့သည့်လုပ်ငန်းသည် အချိန်ကာလကြိုတင်ပြင်ဆင်၍ စာချုပ်ချုပ်လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ရာ ယခုကာလ စာချုပ်ချုပ်ဆိုလုပ်ကိုင်နိုင်လျှင် ပွင့်လင်းရာသီတွင် ဆန်များပုံမှန်ပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။ ယခုအခါ ဆန်ပုံမှန်တင်ပို့မှု လျော့နည်းနေသော်လည်း နွေစပါးပေါ်ချိန်တွင် ပြည်ပသို့ ဆန်တင်ပို့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း ဆန်စားသုံးမှုမှာ ဆန်အထွက်၏ ၈၀ ရာခိုင်နှုန်းရှိပြီး ပြည်ပဆန်တင်ပို့မှုမှာ ၂၀ ရာခိုင်နှုန်းသာရှိသည်။ ယခင်နှစ်က နွေစပါးစိုက်ဧကနှစ်သန်းခန့်ရှိပြီး မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိနေသောကြောင့် မိုးစပါးကို အဓိကအားထားရမည်ဖြစ်ရာ ယခုမိုးရာသီတွင် စပါးအထွက်တိုးအောင် စိုက်ပျိုးလုပ်ကိုင်ကြရမည်ဖြစ်သည်။ လက်ရှိတွင် ငွေကြေးလည်ပတ်မှုအရ ဆန်ကုန်သည်များအနေဖြင့် ငွေကြေးကိုင်တွယ်ရင်းနှီးမှုလိုအပ်ပြီး ငွေကြေးအခက်အခဲကြောင့် စပါးဝယ်ယူနိုင်ခြင်းမရှိလျှင် ဆန်ဈေးနှုန်းကျဆင်းပြီး အခက်အခဲများရှိလာနိုင်သည်။

သို့ဖြစ်ရာ ယခုကာလတွင် မိုးရာသီသို့ကျရောက်ပြီဖြစ်၍ မိုးစပါးအထွက်တိုးစေရန်အတွက် စိုက်ပျိုးရေးသွင်းအားစုများ အခက်အခဲမရှိရေး၊ စိုက်ပျိုးစရိတ်များ ထုတ်ချေးရေး၊ ဆန်စပါးစားနပ်ရိက္ခာဖူလုံပိုလျှံရေး၊ ဆန်ဈေးကွက်တည်ငြိမ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၂ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် “Civil Disobedience Movement–CDM” တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ “CRPH” နှင့် “NUG” အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် “NUG”အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ “NUG” နှင့် “PDF”တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင် အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ “CDM” ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ “CDM” မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၀ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၄၃၃ | ၃,၉၁၅,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၄၄၆ | ၁,၅၆၀,၈၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၈ | ၁၄၀,၄၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၁ | ၂၀၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၁ | ၃၀,၂၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁၀၅ | ၃၂၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၉၃.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၆.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၈.၀၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၁.၁၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၇.၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၂.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၁.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်။**

❖ **ပြည်သူများ အသိပညာမြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန်လိုအပ်ပြီး "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟု ပညာရေးဆောင်ပုဒ်ရှိ။**

❖ **အသိတရားနှင့် အမျိုးသားရေးစိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင်ဖြစ်။**

❖ **ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထား။**

❖ **နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေး ဆောင်ရွက်နေရမည်ဖြစ်။**

* ရှေ့ဖုံးမှ

**ဦးစားပေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ်တွင် အခြေခံပြီးဆောင်ရွက်ရန်ဖြစ်**ကြောင်း၊ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် နှစ်ခုတွင် စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပြီး မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့်အခြေအနေများအား နိုင်ငံသို့ အသိပေးသွားမည်ဖြစ်ကြောင်း။

**၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်**

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်တွင် ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုနှုန်းအနေဖြင့် ယခုအခါ မေ ၁ ရက်မှစ၍ ဆေးစစ်နိုင်မှုအရေအတွက်၏ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ သို့သော် **အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး COVID-19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရ**သေးကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID-19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID-19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း COVID-19 ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် COVID – 19 ကြောင့် လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး စီးပွားရေးနှင့် ပညာရေးတွင် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ COVID-19 ကြောင့် ကျဆင်းနေသည့် စီးပွားရေးအား ပြန်လည်ကုစားရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ကောလာဟလများထုတ်လွှင့်ပြီး ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်သည်အထိ ပြုလုပ်လာကြကြောင်း၊ **ယခုနောက်ပိုင်း ဆူပူမှုများအရှိန်ကျလာသော်လည်း ဘဏ်များ ထိခိုက်အောင် နိုင်ငံရေးအရ ဆောင်ရွက်လာသည်များရှိသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ပေး**လျက်ရှိကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေဆောင်ရွက်နေရသည့်လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စီမံဆောင်ရွက်လျက်ရှိကြောင်း။

**စားသုံးမှုများပြားနေ**

ဆီထွက်သီးနှံသည်လည်း နိုင်ငံ၏အဓိက ပို့ကုန်များတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူတစ်ဦးနှုန်း ပျမ်းမျှဆီစားသုံးမှုသည် တစ်နှစ်လျှင် ၄ ဒသမ ၅ ပိဿာခန့်ရှိသဖြင့် စားသုံးမှုများပြားနေသေးကြောင်း၊ ပြည်တွင်း၌ စားသုံးဆီဖူလုံအောင်ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပမှဆီများ တင်သွင်းနေရမှုကြောင့် နိုင်ငံခြား ငွေများစွာ ကုန်ကျလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သဖြင့် **ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးနှင့် ကိုက်ညီစေရန် ဆီစားသုံးမှုလျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများစားသုံးနိုင်ရေးအတွက်လည်း ပြည်ပမှ တင်သွင်းသည့် စားသုံးဆီများတွင် ပြန်လည်သန့်စင်ထားသည့် ဆီများမဖြစ်စေဘဲ အရည်အသွေးအာမခံနိုင်မှုရှိစေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာရှိသဖြင့် အိမ်နီးချင်း နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆီများ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှုများကို အသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ **မိမိတို့နိုင်ငံရှိ ပြည်သူများ၏ သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့်နေထိုင်စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက် ပေးရမည်ဖြစ်**ကြောင်း။

**ငွေသုံးစွဲမှုများ လျှော့ချနိုင်မည်**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုများရှိကြောင်း၊ နိုင်ငံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ပေါများစွာရှိသဖြင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှဝယ်ယူသုံးစွဲမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်ဈေးနှုန်းများအား ပြည်သူများ ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ**

နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် SME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် SME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

ပြည်သူများအသိပညာမြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန်လိုအပ်ပြီး **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟု ပညာရေး**ဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေးစိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရအခြေခံပညာများကို သင်ကြားရမည် ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာ ရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည်ဖြစ်**ကြောင်း။

**ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး**

ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ ဆရာမများအား ၎င်းတို့ရရှိထားသည့် ဘွဲ့အရည်အချင်းများအလိုက် ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ချိန်တွင် အနှောင့်အယှက်ပြုလုပ်ခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ **သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ယခင်အစိုးရများက ရေးဆွဲအတည်ပြုခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀)နှစ်ရှည်စီမံကိန်းအတိုင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့် လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသော လုပ်ဆောင်ချက်ဖြစ်**ကြောင်း၊ အဆိုပါ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း၊

**စာမျက်နှာ ၄ သို့ ***

❖ **အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး COVID-19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့ စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရ။**

❖ **COVID-19 ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်။**

❖ **ကာကွယ်ဆေးများ ဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

❖ **ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID-19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID-19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်။**

❖ **တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း COVID-19 ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။**

# COVID-19 ရောဂါကာကွယ်ရေး အလေးထားရန်လို

**ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံအပါအဝင် အခြားနိုင်ငံအချို့တွင်လည်း COVID-19 ရောဂါကူးစက်မှုများ မြင့်မားလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း COVID-19 ရောဂါ ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံနှင့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

✻ စာမျက်နှာ ၃ မှ

အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးဆိုင်ရာထိုးနှက်ချက်များကြောင့် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်ပြီး CDM တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနေဖြင့်လည်း သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်သတင်းပို့စေလိုကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ ဆရာမများ လိုအပ်ချက်ရှိပါက ဖြည့်တင်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ထိရောက်စွာ ဖော်ထုတ်အရေးယူ**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က ယခင်အစိုးရလက်ထက်တွင် ငွေရမ်းအသုံးပြုခဲ့သည့် နိုင်ငံခြားသားအကြံပေးများ ငွေရမ်းစရိတ်နှင့် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်မှုကိစ္စရပ်များကို ပြန်လည်စုံစမ်းဖော်ထုတ်သွားရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းများ ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးအစီအမံများ ချမှတ်၍ ပြည်သူလူထုနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းပြည်နှင့် ကျောင်းသားများ၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးသူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူရေး၊ ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူများယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရေး၊ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများနှင့်

❖ **အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ။**

စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အာမခံချက်ရှိစေရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းပေးရေး၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် အရည်အသွေးပြည့်ဝသည့် အားကစားနည်းပြများ ထပ်မံခန့်ထားရေး၊ မောင်တောနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေး၊ မြို့ရွာများ အမှိုက်သိမ်းစနစ်နှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး၊ ဆီထွက်သီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးပေးရေး၊ အခြေခံပညာစာသင်ကျောင်းများတွင် သိပ္ပံနည်းကျစိုက်ပျိုးရေးပညာရပ်များ ထည့်သွင်းသင်ကြားပေးရေး၊ တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးကုသရေးစင်တာများ ဖွင့်လှစ်ပေးရေး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ကူညီထောက်ပံ့ပေးရေး၊ မော်လမြိုင်-ရေး-ထားဝယ် မီးရထားလမ်း ပြေးဆွဲနိုင်ရေး၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် တိကျထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရေး၊ တစ်နှစ်တာပြက္ခဒိန်တွင် အများပြည်သူရုံးပိတ်ရက် သတ်မှတ်ခြင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာ့အားကစား ပြန်လည်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံအားကစားရုံများ၊ ဒိုင်ဗင်ထိုးစင်ပါ ရေကူးကန်များတည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ **အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများ ခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊** ထို့ပြင် ပြည်သူလူထု ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဧရိယာများသတ်မှတ်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် အားကစားနည်းပြကာယဆရာများ ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

စာပေသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာစာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ကောင်းမွန်စွာလေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

အလားတူ မြို့ရွာစည်ပင်သာယာရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှိုက်သိမ်းစနစ် ကောင်းမွန်ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ လူထုကိုအသိပညာပေးပြီး ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ တာဝန်ရှိသည့် ဌာနများအနေဖြင့် လည်း အမှိုက်စွန့်ပစ်သည့်စနစ်နှင့် အမှိုက်သိမ်းသည့်စနစ်တို့ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်လိုကြောင်း။

**ထောက်ပံ့ပေးရန်လို**

စားသုံးဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆီထွက်သီးနှံများ ကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးရမည့်အပြင် မျိုးကောင်းမျိုးသန့်၊ မြေဩဇာနှင့် နည်းပညာများ ထောက်ပံ့ပေးရန်လိုကြောင်း၊ အထွက်နှုန်းတိုး၍ နည်းပညာမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး လူမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်း၍ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက် များစွာအထောက်အကူပြုခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊** ဆရာဝန်၊ သူနာပြုများ ခန့်ထားရေးနှင့်ပတ်သက်၍ လိုအပ်လျက်ရှိသည့် နေရာဒေသများတွင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူရုံးပိတ်ရက်များ သတ်မှတ်ရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်မျှော်မှန်းကာ လုပ်ငန်းဆောင်ရွက်မှုများ မထိခိုက်အောင် နိုင်ငံတကာနှင့် နှိုင်းယှဉ်စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့်ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်။**

❖ **ပြည်သူများကျန်းမာရေးနှင့် ကိုက်ညီစေရန် ဆီစားသုံးမှုလျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်။**

❖ **ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်ဆီများ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့် စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှုများကို အသိတရားဖြင့်ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လို။**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (၁/၂၀၂၁) ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၀**

နိုင်ငံ့စီးပွားရေးကို ဦးမော့လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် လွယ်ကူလျင်မြန်ချောမွေ့စေရေးတို့အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးနိုင်ရေး၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေအကူအညီနှင့် အထောက်အပံ့များအား ထိရောက်စွာ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လိုက်ပါအကောင်အထည်ဖော်**

ရှေးဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့် ကိုက်ညီအောင် မိမိဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်၍ အောက်ခြေအဆင့်ဆင့်က လိုက်ပါအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်အစိုးရလက်ထက်က ခွင့်ပြုခဲ့ပြီး နိုင်ငံအတွက်လည်း အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ မြန်ဆန်စွာ ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မိမိတို့က ခွင့်ပြုလုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့မှု၊ ရှေ့နောက်ညီညွတ်မှု၊ ကြိုတင်မှန်းဆနိုင်မှု၊ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်ကြရန်လည်း လိုပါကြောင်း။

ထို့ကြောင့် ဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့(OSS) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ(SOP)ကို ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်ရပြီးနောက်ပိုင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကနေ ရယူရသော လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များနှင့် ပတ်သက်၍ ခေတ်စနစ်နှင့်အညီ ပြင်ဆင်နိုင်ရေး၊ ပိုမိုလွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဌာနများကလည်း လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် အစိုးရလက်ထက်ကတည်းက အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် လုပ်ငန်းများကိုလည်း နိုင်ငံအတွက် အကျိုးရှိမည်ဆိုလျှင် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များကိုလည်း မိမိတို့ဝန်ကြီးဌာနက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**တစ်ကမ္ဘာလုံးကျဆင်းနေ**

၂၀၂၀ ပြည့်နှစ်မှစ၍ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံးရင်းနှီးမြှုပ်နှံမှု ကျဆင်းနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ စိန်ခေါ်မှုများရှိနေသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရဲရဲတင်းတင်း၊ တက်ညီလက်ညီလုပ်ဆောင်ပါက စိန်ခေါ်မှုကနေ အခွင့်အလမ်းအဖြစ် ပြောင်းလဲရယူနိုင်ကြောင်း၊ ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နှစ်နိုင်ငံ သဘောတူချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးစာချုပ်များ၊ ဒေသတွင်း သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန်နှင့် လုပ်ငန်းများ တိုးချဲ့ရင်းနှီးလုပ်ကိုင်လာအောင် အားပေးကူညီရမည်ဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးကို မြှင့်တင်ရာတွင် နိုင်ငံဘတ်ဂျက်ကို သုံးစွဲခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့အပြင် လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရရှိရေးတို့အတွက် နိုင်ငံတကာချေးငွေ၊ အကူအညီအထောက်အပံ့များကိုလည်းရယူရေးအတွက် မိမိတို့ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရာတွင် မိမိတာဝန်ကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန် စနစ်တကျအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုကြောင်း၊ အာဆီယံနှင့် အာဆီယံဗဟိုပြုသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှ နိုင်ငံ့လူမှုရေး၊ စီးပွားရေးများကို ထိထိရောက်ရောက် အသုံးချနိုင်မည့်အခွင့်အလမ်းကို ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးတို့မှ ဗဟိုဝန်ထမ်းတက္ကသိုလ်တက်ရောက်ခဲ့စဉ် ထူးချွန်ဆုရရှိခဲ့သူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက One Stop Service (OSS) SOP ရေးဆွဲရေးအဖွဲ့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ထမ်းကောင်းစံပြရုံးဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

**တင်ပြဆွေးနွေး**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဒေသ၏ စီးပွားရေးဝန်းကျင်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အစီအမံများနှင့် ဝန်ကြီးဌာနနှင့် ရုံးချုပ်က ပံ့ပိုးရန် လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဌာန၏ အုပ်ချုပ်မှုလုပ်ငန်းများ၊ အာဆီယံအပါအဝင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဖွံ့ဖြိုးမှုအကူအညီရယူဆောင်ရွက်သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များနှင့် အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အင်းစိန်မြို့နယ် အမြဲတမ်းပျိုးဥယျာဉ်ရှိ ပျိုးပင်ကြီးများပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော အမြဲတမ်းပျိုးဥယျာဉ်ရှိ ပျိုးပင်ကြီးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း တော်ဝင်ခန်းမသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာ့သစ်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းရှိ ဌာနများအလိုက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ရည်မှန်းချက်များအောင်မြင်အောင်ဆောင်ရွက်ရန် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် သစ်ထုတ်ခြင်းအား တစ်နှစ်ရပ်နားမည်ဖြစ်သဖြင့် ယာဉ်/ယန္တရားများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် SOP များ၊ ဌာနဆိုင်ရာ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်နိုင်ရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်သွားရန်၊ သစ်ထုတ်ပြီး သစ်ကွက်များတွင် သဘာဝတန်ဖိုးမြှင့်ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းလုပ်ငန်း Enrichment Planting – EP ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန်၊ မြန်မာ့သစ်လုပ်ငန်းက တည်ထောင်စိုက်ပျိုးထားသည့် ကျွန်း/သစ်မာစိုက်ခင်းများ ထိန်းသိမ်းခြင်းနှင့် စိုက်ခင်းသစ်တည်ထောင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ သစ်အခြေခံစက်မှုလုပ်ငန်းတွင် သစ်အချောထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအလေးပေးဆောင်ရွက်ရန်နှင့် နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲခြင်းများနှင့်ပတ်သက်၍ ကာကွယ်ထိန်းသိမ်းခြင်းအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ထားသည့်အတွက် တိကျစွာလိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးရှိ လေအရည်အသွေးတိုင်းတာရေးစက်အား ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် One Stop Service ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် သီလဝါအထူးစီးပွားရေးဇုန် One Stop Service Centre – OSSC ရုံး၊ ပတ်ဝန်းကျင်ဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုပ္ပဗုဒ္ဓလို လူစား အများသားလား

စာချစ်သူ

ရပ်ကွက်စာအုပ်အငှားဆိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သော ခေတ်တစ်ခေတ်မှာ လူဖြစ်လာရသော ကျွန်တော်တို့ ခေတ်ပြိုင်မျိုးဆက်များသည် ဇာတ်တော်ကြီးဆယ်ဖွဲ့၊ ငါးရာ့ငါးဆယ် ဇာတ်တော်များ စသည့် ဗုဒ္ဓ၏ခမ္မအမြုတေစာပေများနှင့် ငယ်စဉ်ကပင် ထိတွေ့ရင်းနှီး ကျွမ်းဝင်ခဲ့ကြပါ၏။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ငါးရာ့ငါးဆယ်ဇာတ်တော်တို့မှာ လူသားတို့အတွက်သာ ဖြစ်လေသည်။ ဇာတ်ဆောင်ပုဂ္ဂိုလ်တို့၏ ရှေ့ဆောင်လမ်းပြ ဩဝါဒစကားများသည် လူသားတို့လိုက်နာကျင့်သုံးနိုင်ရန်သာဖြစ်ပါသည်။ စည်းကမ်းရှိ၍ လူ၏တန်ဖိုးမြှင့်တင်နိုင်ဖို့၊ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ်မျိုး မွေးမြူနိုင်ဖို့၊ အများအကျိုးသယ်ပိုးဆောင်ရွက်ဖို့ စသဖြင့် အသိလိမ္မာရလာစရာတွေ၊ သင်ခန်းစာ ထုတ်ယူစရာတွေ အမြောက်အမြားပါရှိနေပါသည်။

ထို့အပြင် ဇာတ်တော်များတွင် ပါဝင်သော အလောင်းတော်အသီးသီးတို့၏ တရားစကားများ၊ အဆုံးအမများကို ကြားနာရသောအားဖြင့် လူငယ်လူရွယ်များအတွက် အသိလိမ္မာ တိုးတက်ကြွယ်ဝစေသည်။ ဝတ္ထုတစ်ပုဒ်ချင်း တစ်ပုဒ်ချင်းမှ ရှောင်ရန်ဆောင်ရန်တို့ကို သင်ခန်းစာရယူကာ မိမိဘဝတစ်သက်တာအတွက် အသုံးချနိုင်ပါသည်။

အဆိုပါ ဇာတကဝတ္ထုများအနက် မာဂဓတိုင်း မစလရွာမှ မဃလုလင်ဇာတ်ကြောင်းကား ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ကြားတွင် အတော်ထင်ရှားလေသည်။ သိကြားမင်း၏ အတိတ်ဇာတ်ကြောင်းဖြစ်သည့် မဃလုလင်အကြောင်းကို မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူစဉ် မဟာလိမည်သော လိစ္ဆဝီမင်းသားအား သက္ကပဉှသုတ်တရားတော်တွင် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။

မဃလုလင်သည် လူအများ ချမ်းချမ်းသာသာ သွားလာနိုင်စေရန် မနက်စောစော အိမ်မှထွက်ပြီး မညီညွတ်သောလမ်းတွေကို ညီညွတ်အောင်ပြုပြင်သည်။ မကောင်းသည့်လမ်းကို ကောင်းအောင်၊ ညစ်ပတ်ပေပွနေသည့်လမ်းကို သန့်ရှင်းအောင် ပြုပြင်သည်။ ခရီးသွားများ အရိပ်အာဝါသရရှိစေဖို့ သစ်ပင်ပန်းမန်များကို စိုက်ပျိုးလေသည်။

ထိုသို့ မဃလုလင် လုပ်ကိုင်နေသည်ကို အခြားသူတစ်ဦးကမြင်၍ ---

"အချင်း ... ဘာတွေ လုပ်နေသလဲ"

"ငါ နတ်ပြည်သွားဖို့ လမ်းခင်းနေတယ်"

"ဒီလိုဆို ကျွန်တော်လည်း လုပ်အားပေးမယ်"

"အေး၊ လာ ကောင်းတယ်၊ လမ်းကောင်းကောင်းကို လူတိုင်းသဘောကျတယ်၊ စိတ်ချမ်းသာတယ်"ဟု ပြောပြလေ၏။

ဤသို့ဖြင့် မဃလုလင်တို့အဖွဲ့သည် တစ်စနှင့်တစ်စဖြင့် လူပေါင်း ၃၃ ယောက်ဖြစ်လာလေသည်။

သို့တစေ မစလရွာ၏ ရွာစားမင်းကမူ မဃလုလင်တို့အဖွဲ့၏ လုပ်ရပ်ကို မနှစ်မြို့ချေ။ သူ့ရာထူးဂုဏ်သိမ်ကို တစ်နေ့ထိပါးလာမည်စိုး၍ ပြည့်ရှင်မင်းထံ ပုန်ကန်သူများဟု မဟုတ်မမှန် သွားရောက် လျှောက်တင်လေရာ မင်းကြီးက မဃတို့အဖွဲ့အား ဖမ်းဆီး၊ ဆင်နှင့် နင်းသတ်စေဟု တစ်ချက်လွှတ် အမိန့်ထုတ်ပြန်ခဲ့လေ၏။

မဃလုလင်သည် သူ့မိတ်ဆွေများကို သတ္တဝါအားလုံးအပေါ် မေတ္တာမပျက်ကြစေရန် တိုက်တွန်းပြောကြားပြီး အားလုံးမေတ္တာစိတ်မွေးခဲ့ကြ၍ ဆင်မှာ မနင်းဝံ့ဘဲ ထွက်ပြေးသွားခဲ့လေ၏။

ပြည့်ရှင်မင်းသည် အကြောင်းရင်း အပြည့်အစုံကို သိလေသောအခါ မဃလုလင်နှင့်အဖွဲ့ကိုတောင်းပန်ကာ ရွာစားအဖြစ် ချီးမြှောက်အပ်နှင်းလေ၏။

မဃလုလင်သည် မစလရွာစားဖြစ်လာသောအခါ ငါတို့သည် ရှေးကထက် ဆတက်ထမ်းပိုးတိုးပြီး ကုသိုလ်ကောင်းမှုတို့ကိုလုပ်ကြမည်ဟု တိုင်ပင်ဆုံးဖြတ်ကာ လမ်းဆုံလမ်းမ လမ်းလေးခွတွင် လူအများ အပန်းဖြေနားနေရန် ဇရပ်များ၊ ရေတွင်းရေကန်များ၊ ပန်းဥယျာဉ်ကြီးများ၊ အိပ်ရာနေရာ စားစရာများပါမကျန် ဆောင်ရွက်ကြလေသည်။

ထို့အပြင် **မဃလုလင်သည် မိခင်ဖခင်တို့အား ရိုသေစွာလုပ်ကျွေးခြင်း၊ အမျိုးထဲမှ အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြကုန်သော မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး စသူတို့ကိုလည်း ရိုသေစွာပြုစုစောင့်ရှောက်ခြင်း၊ မှန်သောစကားကိုသာ ပြောဆိုခြင်း၊ ကြမ်းတမ်းယုတ်မာသော ဖရုသဝါစာစကားကို အသက်ထက်ဆုံး မပြောမဆိုခြင်း၊ ကုန်းတိုက်သောစကားကို အသက်ထက်ဆုံး မပြောဆိုခြင်း၊ ဝန်တိုမစ္ဆရိယစိတ်ကင်းခြင်း၊ အမျက်ဒေါသ မရှိခြင်းဟူသည့် ကျင့်ဝတ်ခုနစ်ပါးနှင့်လည်း ပြည့်စုံလေ၏။**

**မဃလုလင်သည် မိခင်ဖခင်တို့အား ရိုသေစွာလုပ်ကျွေးခြင်း၊ အမျိုးထဲမှ အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြကုန်သော မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး စသူတို့ကိုလည်း ရိုသေစွာပြုစုစောင့်ရှောက်ခြင်း၊ မှန်သောစကားကိုသာ ပြောဆိုခြင်း၊ ကြမ်းတမ်းယုတ်မာသော ဖရုသဝါစာစကားကို အသက်ထက်ဆုံး မပြောမဆိုခြင်း၊ ကုန်းတိုက်သောစကားကို အသက်ထက်ဆုံး မပြောဆိုခြင်း၊ ဝန်တိုမစ္ဆရိယစိတ်ကင်းခြင်း၊ အမျက်ဒေါသ မရှိခြင်းဟူသည့် ကျင့်ဝတ်ခုနစ်ပါးနှင့်လည်း ပြည့်စုံလေ၏။**

ထိုသို့သောသိကြားမင်း၏အတိတ်ဇာတ်ကြောင်းဖြစ်သည့်မစလရွာသား မဃလုလင်၏ကုသိုလ်ကောင်းမှုတို့ကို အားကျလေ့ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မဃလုလင်သို့နှယ် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်၊ ဥယျာဉ်ပန်းခြံ၊ ဇရပ်တန်ဆောင်းများ တည်ဆောက်ပြုပြင်ခြင်း တည်းဟူသော ပရဟိတလုပ်ငန်းအဝဝကို ကြိုးပမ်းဆောင်ရွက်လေ့ရှိကြသည်။

အတိတ်က မဃလုလင်၏လုပ်ရပ်နှင့် လားရာချင်းမတူ ဆန့်ကျင်ဘက်ဖြစ်နေသူတစ်ဦးကမူ သုပ္ပဗုဒ္ဓ။

သုပ္ပဗုဒ္ဓသည် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ကြင်ရာတော် ယသော်ဓရာ၏ ခမည်းတော်ဖြစ်သည်သာမက မယ်တော် မာယာဒေဝီ မိဖုရား၏မောင် အငယ်ဆုံးလည်းဖြစ်သည်။ ဦးရီးတော် သုပ္ပဗုဒ္ဓသာကီဝင်သည် မြတ်စွာဘုရားအပေါ်၌ အကြောင်းနှစ်ပါးတို့ဖြင့် အကြီးအကျယ် ရန်ငြိုးဖွဲ့ထားသူဖြစ်သည်။

ထိုအကြောင်းနှစ်ပါးတို့မှာ သူ၏ သမီးတော် ဘဒ္ဒကစ္စနာ ခေါ် ယသော်ဓရာကို အလောင်းတော် သိဒ္ဓတ္ထမင်းသားက စွန့်ပယ်၍ တောထွက်သွားခဲ့ခြင်းနှင့် သူ၏သားတော် ဒေဝဒတ်ကို မြတ်စွာဘုရားက ရဟန်းပြုပေးပြီးနောက် ရန်သူအရာ၌ တည်ရှိနေရခြင်းတို့ ဖြစ်သည်။

တစ်နေ့သောအခါ ဦးရီးတော် သုပ္ပဗုဒ္ဓသည် "ဤသိဒ္ဓတ္ထမင်းသား ဂေါတမဘုရားသည် ငါ့သမီးကို စွန့်ပစ်၍ တောထွက်သွားခဲ့သည်။ ငါ့သား ဒေဝဒတ်ကိုလည်း သူပင် ရဟန်းပြုပေးပြီးနောက် ရန်သူလုပ်ထားသည်"ဟု ရန်ငြိုးဖွဲ့၍ "ယခု ဂေါတမမြတ်စွာဘုရားအား ပင့်ဖိတ်ရာဌာနသို့သွား၍ ဆွမ်းစားရန် ငါ အခွင့်မပေးအံ့။ လမ်းပိတ်ထားအံ့" ဟု ကြံပြီးလျှင် မြတ်စွာဘုရားကြွသွားမည့်လမ်းကိုပိတ်၍ လမ်းလယ်ကောင်တွင် အရက်သေစာသောက်စားလျက် ထိုင်နေသည်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ထိုအရပ်သို့ရောက်တော်မူသောအခါ "မြတ်စွာဘုရား ကြွတော်မူလာပြီ"ဟု သုပ္ပဗုဒ္ဓအား သွား၍ ပြောကြားကြသည်။ ထိုအခါ သုပ္ပဗုဒ္ဓက "တခြားလမ်းကသွားဟု ပြောလိုက်ကြ၊ သူသည် ငါ့ထက်အသက်ကြီးသူ မဟုတ်။ သူ့အား ငါလမ်းမဖယ်ပေးနိုင်"ဟု ဆို၍ လမ်းမဖယ်ပေးဘဲသာနေသည်။

သုပ္ပဗုဒ္ဓအား အကြိမ်ကြိမ်ပြောဆိုသော်လည်း ထိုအတိုင်းသာပြောဆို၍ ထိုင်နေသည်။ မြတ်စွာဘုရားသခင်လည်း ဦးရီးတော်သုပ္ပဗုဒ္ဓထံမှ လမ်းမရသဖြင့် ထိုနေရာမှ နောက်သို့ပြန်လှည့်တော်မူခဲ့သည်။ ယင်းသို့ မြတ်စွာဘုရား ပြန်လှည့်သွားမှန်းသိလျှင် သုပ္ပဗုဒ္ဓလည်း သူလျှိုတစ်ယောက်ကို "သွားလေ့ သူ့စကားနားထောင်၍ လာခဲ့လေ့" ဟုဆို၍ စေလွှတ်လိုက်သည်။ မြတ်စွာဘုရားသခင်လည်း နောက်သို့ပြန်ကြွရင်း ထင်ရှားစွာ ပြုံးတော်မူသည်။ ထိုအခါ အရှင်အာနန္ဒာက ဤသို့မေးလျှောက်သည်။

"အရှင်ဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

"အာနန္ဒာ သုပ္ပဗုဒ္ဓကိုမြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"သုပ္ပဗုဒ္ဓသည် ငါကဲ့သို့သော မြတ်စွာဘုရားအား လမ်းမပေးခြင်းဖြင့် ဝန်လေးသောအမှုကိုပြုဘိသည်။ ဤနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့၌ သုပ္ပဗုဒ္ဓသည် သူ့ပြာသာဒ်အောက် လှေကားရင်း၌ မြေသို့ဝင်ရလိမ့်မည်"

**သုပ္ပဗုဒ္ဓ၏ သူလျှိုယောက်ျားလည်း ထိုစကားကိုမှတ်သားကာ သုပ္ပဗုဒ္ဓထံသို့ပြန်သွား၍ ပြောလေသည်။ သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားရှင်၏ ဗျာဒိတ်စကားချွတ်ယွင်းလွဲမှားစေရန် အစစအရာရာ ကြိုတင်စီစဉ်ပြင်ဆင် ဆောင်ရွက်ထားသော်လည်း ခုနစ်ရက်မြောက်သောနေ့တွင် ပြာသာဒ်အောက်ရှိ မင်္ဂလာမြင်း ထိတ်လန့်အော်မြည်ဟည်းသံကြား၍ ထိုင်ရာမှထပြီး တံခါးပေါက်သို့သွားရာမှ အစပြု၍ ပြာသာဒ်အောက်ဆုံး လှေကားရင်းသို့ ရောက်သည့်ခဏ၌ပင် မြေကြီးသည် ဟင်းလင်းပွင့်ကွဲအက်လျက် သုပ္ပဗုဒ္ဓကို ကြိုလင့်သည်။ သုပ္ပဗုဒ္ဓလည်း ထိုအပေါက်သို့ကျရောက်၍ အဝီစိငရဲ၌ဖြစ်လေသည်။**

ပြီးခဲ့သည့်လများအတွင်းကမူ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ ပြည်မြန်မာအတွင်း၌လည်း လစ်ဘရယ်လှိုင်းတံပိုး၏ ပြင်းထန်သော ရိုက်ခတ်မှုများနှင့်အတူ သုပ္ပဗုဒ္ဓလိုလူစား အများအပြားပေါ်ထွက်လာခဲ့ကြလေသည်။

မြို့တိုင်းမြို့တိုင်း၊ ရွာတိုင်းရွာတိုင်း၊ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ လမ်းတိုင်း လမ်းတိုင်း လမ်းကြိုလမ်းကြားမကျန် အတားအဆီးပေါင်းကိုယ်စီနှင့် လမ်းတွေကိုပိတ်ကြသည်၊ ဆို့ကြသည်။ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်စေရန် ရုံးဌာနများကို လူအုပ်စုဖြင့် ပိတ်ဆို့တားဆီးကြပြန်သည်။ ရထားလမ်း၊ ကားလမ်းများကိုလည်း ဖျက်ကြ၊ အပိုင်စီးကြပြန်သည်။ ရပ်ကွက် လမ်းအလိုက် ဝါးထရံကတတ် ကိုယ်စီနှင့် ကာရံပိတ်ဆို့ကြပြန်သဖြင့် ပြည်သူများမှာ ပရိယေသနဝမ်းစာအလို့ငှာပင် အပြင်သို့ထွက်၍ မရှာဖွေနိုင်ကြတော့။ ရဟန်းသံဃာတော်အပေါင်းသည်လည်း ဆွမ်းခံကြွ၍ မရကြတော့၊ ဆွမ်းအတွက် အခက်အခဲဖြစ်ကြရပေသည်။ ဖျက်ဆီးမှုအရပ်ရပ်က ပစ္စက္ခတိုင် အတောမသတ်နိုင်သေး။ "စိတ္တေန နိယျတေလောကော" လောကကို စိတ်ကဦးဆောင်လေသည်။

မိတ်ဆွေ ---

သင်သည် ပြုသူလော၊ ဖျက်သူလော။

မဃလုလင်လော၊ သုပ္ပဗုဒ္ဓလော ....။

ကျမ်းကိုး။ ။ ဦးအောင်မိုး(ပါဠိပါရဂူ)၏ "အရှင်အာနန္ဒာဝတ္ထု"
မင်းစန္ဒ၏ "ဗုဒ္ဓ၏ ခမ္မအမြုတေ"

**သုပ္ပဗုဒ္ဓ၏ သူလျှိုယောက်ျားလည်း ထိုစကားကိုမှတ်သားကာ သုပ္ပဗုဒ္ဓထံသို့ ပြန်သွား၍ ပြောလေသည်။ သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားရှင်၏ ဗျာဒိတ်စကား ချွတ်ယွင်းလွဲမှားစေရန် အစစအရာရာ ကြိုတင်စီစဉ်ပြင်ဆင် ဆောင်ရွက်ထားသော်လည်း ခုနစ်ရက်မြောက်သောနေ့တွင် ပြာသာဒ်အောက်ရှိ မင်္ဂလာမြင်း ထိတ်လန့်အော်မြည်ဟည်းသံကြား၍ ထိုင်ရာမှထပြီး တံခါးပေါက်သို့သွားရာမှအစပြု၍ ပြာသာဒ်အောက်ဆုံး လှေကားရင်းသို့ ရောက်သည့်ခဏ၌ပင် မြေကြီးသည် ဟင်းလင်းပွင့်ကွဲအက်လျက် သုပ္ပဗုဒ္ဓကို ကြိုလင့်သည်။ သုပ္ပဗုဒ္ဓလည်း ထိုအပေါက်သို့ကျရောက်၍ အဝီစိငရဲ၌ဖြစ်လေသည်။**

# သာသနာရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင် အထောက်အကူပြုသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်၊ ရုံးလုပ်ငန်းလက်စွဲ အစရှိသည့် သိသင့်သိထိုက်သည်များကို သိရှိစေရန်နှင့် ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကို သိရှိလိုက်နာကျင့်ကြံနိုင်ကြစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဒုတိယဦးစီးမှူး ၄၂ ဦး ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းတို့ကို စနစ်တကျ အဆင့်ဆင့်စစ်ဆေးပြီး အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက် ၉ ရပ်၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ပြီး နိုင်ငံတော်စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့ကို အဘက်ဘက်မှ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုသည် အရေးကြီးသော ကဏ္ဍတစ်ခု ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်၍ ဝန်ထမ်းများ၏ အရည်အသွေး၊ လုပ်ရည်ကိုင်ရည်၊ စိတ်ဓာတ်ရေးရာတို့ ကောင်းမွန်နေရန် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြား၊ သင်ယူနေကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်သကဲ့သို့ ပြင်ပပယောဂများ၊ သတင်းအမှားများ၊ သတင်းအတုများကို နားမယောင်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြရန် လိုကြောင်း ပြောကြားသည်။

**သင်ကြားပေးမည်ဖြစ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဝန်ကြီးဌာန ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ ရုံးလုပ်ငန်းလက်စွဲ ဘာသာရပ်၊ သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဘာသာရပ်၊ ဗုဒ္ဓဖြစ်တော်စဉ်သမိုင်း၊ သင်္ဂါယနာသမိုင်း၊ အခြေခံဗုဒ္ဓဘာသာ လောကနီတိဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းရေးရာဘာသာရပ်၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ဥပဒေဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် လုပ်ငန်းခွင်နယ်ပယ်တွင် လက်တွေ့ လုပ်ဆောင်ရမည့် သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာလုပ်ငန်းစဉ်များ၊ စီမံရေးရာ၊ ဝန်ထမ်းရေးရာ၊ ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာများ စသည်တို့ကို အခြေခံအဆင့်အကျဉ်းချုပ် သင်ကြား ပို့ချပေးလိုက်ခြင်းဖြစ်ကြောင်း၊ မေ ၁၀ ရက်မှ ၂၁ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သင်တန်းမှ ပို့ချပေးလိုက်သည့် ဘာသာရပ်များကို ဆက်လက်လေ့လာပြီး လက်တွေ့လုပ်ငန်းခွင်နယ်ပယ်၌ အကျိုးရှိအောင် အသုံးချသွားကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက် စတီးပစ္စည်း၊ လူသုံးကုန်များ ထုတ်လုပ်ရောင်းချ

**ပေါင် မေ ၁၀**

သမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းများအား ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု ကဏ္ဍကြီး ၃ ရပ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိရာ သမဝါယမ၏ ထုတ်လုပ်မှုကဏ္ဍအနေဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက်သည် အသင်းဝင် အသင်းများနှင့် အသင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရန်နှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးကို အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ စတီးပစ္စည်း၊ လူသုံးကုန်အမျိုးမျိုးတို့ကို ကိုယ်တိုင်ထုတ်လုပ်ပြီး မြို့နယ်အတွင်းရှိ အများပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရေးမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၅၂ ဒသမ ၆၆၁ သန်းဖြင့် မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျောက်ချောလမ်း ၄ မိုင်၊ ကတ္တရာလမ်း ၂ မိုင် ၂ ဖာလုံ၊ RC တံတား ပေ ၁၅၀ တစ်စင်း၊ ပေ ၁၂၀ တစ်စင်း၊ ပေ ၁၀၀ တစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန် နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ငါးခု၊ ပေ (၁၂၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ ပညာရေးဝန်ထမ်းနေအိမ် လေးလုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ထပ်အဆောက်အအုံ တစ်လုံးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**



## ဒီပဲယင်းဆရာတော် ဘုရားကြီး၏ ဆုတောင်း

(၁)

- တစ်ပါးသူ့ကျိုး၊ ဆောင်သယ်ပိုးဖို့
  မြတ်နိုးနှစ်သက်၊ ဆောင်ရွက်နိုင်သူ
  ငါမူဖြစ်စေ၊ သူတစ်ထွေလည်း
  ထမ်းပေ့ငါ့ကျိုး
  ဆောင်သယ်ပိုးသူ ဖြစ်ပါစေ။

(၂)

- တစ်စုံတစ်ယောက်၊ ဆင်းရဲရောက်ဖို့
  ငါ့လျှောက် ငါ့ကံ၊ မကြံမဆောင်
  ရှောင်ကြဉ်နိုင်ပြား၊ သူတစ်ပါးလည်း
  ငါ့အားဒုက္ခ
  မပေးကြသည် ဖြစ်ပါစေ။

(၃)

- သူတစ်ပါးကို
  ငါကား မညှဉ်း၊ နှိပ်စက်ခြင်းမှ
  အလျဉ်းကင်းဘိ၊ ဖြစ်လေ၏သို့
  တူသည့်အလား၊ သူတစ်ပါးလည်း
  ငါ့အားနှိပ်စက်
  မညှဉ်းရက်သည် ဖြစ်ပါစေ။

(၄)

- ငါကားသူ့တွက်၊ ရန်ဘက်ဝေရီ
  မဖြစ်သည်သို့၊ သူသည်ငါ့တွက်
  ရန်ဘက်အစစ်
  မဖြစ်ကြသည် ချစ်ကြစေ။

(၅)

- သူရောငါပါ၊ သတ္တဝါတို့
  မိစ္ဆာလမ်းကောက်၊ ရှောင်ပြီးနောက်ဝယ်
  မထောက်လမ်းမှန်၊ မြတ်နိဗ္ဗာန်သို့
  ကေန်ရောက်ရ၊ သုမဂ္ဂဖြင့်
  လျှောက်ရပါစေ၊ တောင်းဆုခြွေသည်
  မသွေပြည့်ဝ ပါစေသော်။ ။

ကြည်အောင်(ကေတုမတီ)

[ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ပါဠိဂါထာတော် ဆုတောင်းဆယ်ပါးကို ဆီလျော်အောင် မြန်မာပြန်ဆိုပူဇော်ပါသည်]

[နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၄၄)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ]

# စိုက်ပျိုးစီးပွား လုပ်ငန်းရှင်များဖြစ်ကြသည့် တောင်သူလယ်သမားများ၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေး လိုအပ်ချက်များ ပံ့ပိုးကူညီ

**နေပြည်တော် မေ ၁၀**
နိုင်ငံတော်ကချမှတ်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မူဝါဒများနှင့်အညီ စီမံကိန်း စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအကြား အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ လယ်ယာသားငါးထုတ်လုပ်မှု တိုးတက်ရေးနှင့် တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ဒေသအလိုက် လယ်ယာသားငါးထွက်ကုန်အခြေခံသော စက်မှုဇုန်များ ပေါ်ထွန်းလာရေး ၊ ထုတ်လုပ်မှု၏ အဓိက မောင်းနှင်အားဖြစ်သော ပုဂ္ဂလိက ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် လုပ်သာကိုင်သာရှိစေရန် လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးမှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေး၊ ဆန်စပါးထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ဆန်စက်ပိုင်ရှင်များနှင့် တောင်သူများအကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်တွင် သွင်းအားစုကုမ္ပဏီများနှင့် ပူးပေါင်းပါဝင်ခြင်းဖြင့် သုံးဦးသုံးဖလှယ် အကျိုးရှိနိုင်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး သုံးလက်မ အရွယ် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးတင်အေးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိနေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ်မီအီလက်ထရွန်နစ်ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး မိမိတို့လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တီထွင်ကြံဆဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုတွင် အဓိကအရေးပါသည့် စိုက်ပျိုးစီးပွားလုပ်ငန်းရှင်များ ဖြစ်ကြသော တောင်သူလယ်သမားများ၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသကဲ့သို့ တောင်သူတစ်ဦးတစ်ယောက်ချင်း လုပ်ကိုင်ဆောင်ရွက်မှုမှ အစုအဖွဲ့ပုံစံဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို ကျေးရွာအရောက် ဆက်စပ်ပို့ဆောင်ပေးရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးသည်။

**တွေ့ဆုံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ လယ်ယာသားငါးအခြေပြုစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြည်တွင်းစားသုံးမှုဖူလုံရေး ပြည်ပဝင်ငွေရရှိရေး အတွက် အစိုးရနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်အတွက် ချေးငွေရရှိရေးနည်းလမ်းများ၊ မျိုးစေ့လုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်း၍ နည်းပညာအဆင့်မြှင့်တင်ရေး၊ မျိုးစေ့ဈေးကွက် သတင်းအချက်အလက် ချိတ်ဆက်ဆောင်ရွက်ရေး၊ ဈေးကွက်က ဦးဆောင်သည့် စားသုံးသူလိုချင်သည့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ ၊ ကုန်ကြမ်းရောင်းချမှုမှ တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်ရေးကူးပြောင်းရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးဆူကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး မြေသားလမ်း၊ ဂဝံလမ်းခင်းနေမှု၊ တံတားတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ကိုးဆူကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပေးခြင်းကြောင့် အဆိုပါလမ်းဘေးဝဲယာရှိ စုစုပေါင်း လယ်မြေဧက ၃၂၆ ဧက အတွက် လယ်ယာသုံး စက်ကိရိယာများ လွယ်ကူစွာဝင်ထွက်နိုင်ခြင်း၊ အနီးဝန်းကျင် ကျေးရွာအချင်းချင်း လမ်းခရီးသာယာစွာ သွားလာနိုင်ခြင်း၊ ရိတ်သိမ်းပြီး သီးနှံများ သယ်ယူပို့ဆောင်ရန် အဆင်ပြေချောမွေ့စေခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုးမှုကို များစွာအကျိုးပြုနိုင်မည် ဖြစ်သည်။

ကိုးဆူကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု လုပ်ငန်းခွင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကုန်ထုတ် သမအသင်းများ ထူထောင်ဆောင်ရွက်နိုင်ရေးနှင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ကမ်းနားဖြတ်တာ တည်ဆောက်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီမြစ်ကြောင်း ကမ်းစားပြောင်းလဲလာမှုကြောင့် ဟင်္သာတမြို့ဘက်အခြမ်းသို့ ၂၀၁၈ ခုနှစ် တစ်နှစ်အတွင်း ကမ်းစားနှုန်း ၂၇၅ ပေ ရှိသော်လည်း ၂၀၁၉ ခုနှစ်တွင် ၅၂၂ ပေ ထိရှိခဲ့ပြီး ၂၀၂၀ ခုနှစ် တစ်နှစ်အတွင်း ကမ်းစားနှုန်း ၁၀၂၄ ပေ ရှိခဲ့၍ ဦးမိုးလေးတာမှာ ဧရာဝတီမြစ်အလယ်တွင် ရောက်ရှိခဲ့ကြောင်း၊ ယင်းအခြေအနေကြောင့် လာမည့်မိုးရာသီတွင် ဟင်္သာတမြို့ ရေဘေးကာကွယ်ရေးအတွက် ဧရာဝတီ-ဟင်္သာတတာနှင့် ဟင်္သာတကမ်းနားတာ ဆုံချက်၏အတွင်း၌ အလျားပေ ၃၅၀၀ ၊ ပျမ်းမျှအမြင့် ၁၆ ပေ ၊ တာထိပ်အကျယ် ၁၆ ပေ ရှိ ဖြတ်တာ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲလာမှုကို ထိန်းသိမ်းပြုပြင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ရေဘေးကာကွယ်ရေး တာတမံ ၆၄ ခု တာဝန်ယူတည်ဆောက်ထိန်းသိမ်းထားရှိကြောင်းနှင့် စုစုပေါင်း ရေဘေးကာကွယ်ရေးဧက ဆယ့်ခုနစ်သိန်းကျော် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများ၌ သင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မေ ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာန၊ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ စက်မှုလက်မှု ပညာသင်တန်းကျောင်း ထားဝယ်၊ လပွတ္တာ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်းတို့၌ နယ်စပ်ဒေသ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်၊ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ သင်တန်းဆင်းပြီးသွားပါက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံ တိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်ဆောင်ရွက်စေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းတွင် သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထားဝယ် စက်မှုလက်မှုသင်တန်းကျောင်း၌ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က လည်းကောင်း၊ လပွတ္တာ၌ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က လည်းကောင်း၊ ကျောက်ဖြူ၌ ခရိုင်စီမံ အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းအောင်က လည်းကောင်း၊ ပုဏ္ဏားကျွန်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်သိန်းက လည်းကောင်း အသီးသီးတက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

**၂၂ ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်**

ယခုဖွင့်လှစ်သည့် သင်တန်းများ၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကျောင်း တစ်ကျောင်းလျှင် သင်တန်းသား ၄၅ ဦးစီဖြင့် စုစုပေါင်း ၁၈၀ အား ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။





စက်မှုလက်မှု သင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသား စုစုပေါင်း ၅၅၀၄ ဦးအား သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းဆင်းသင်တန်းသား ၃၆၁၁ ဦးအား အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၅ ဒသမ ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်း ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် မေ ၁၀**
ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ ပန်းတိုင် (၂) ရည်မှန်းချက် ၂၊ ၁ နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး စီးပွားရေးစာချုပ်စာတမ်းများ စိစစ်အကြံပြုရာတွင် ပိုမိုထိရောက်သည့် ဥပဒေအကြံဉာဏ်များကို အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ဥပဒေအကြံဉာဏ် ပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊

ယခုသင်တန်းသည် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအကြား ချုပ်ဆိုမည့်စာချုပ်များကို စိစစ်ရာ၌ မလိုလားအပ်သည့် အချိန်ကြန့်ကြာမှုများ လျော့ကျပြီး ပိုမိုမြန်ဆန်သော လုပ်ငန်းစဉ်ဖြင့် ထိရောက်စွာ စိစစ်နိုင်ရေး၊ အရည်အသွေး ပြည့်မီသော ဥပဒေအကြံဉာဏ်ပေးနိုင်ရေးတို့အတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ် သုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ တစ်ဦးချင်းအရည်အသွေးမြှင့်တင်ခြင်း၊ ဌာနတွင်း ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန်ဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအကြား ယုံကြည်စိတ်ချမှု၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာ ခိုင်မာမှုများရရှိစေရန် ချုပ်ဆိုသည့် စီးပွားရေးစာချုပ်စာတမ်းများ အပေါ်တွင် နှစ်ဦးနှစ်ဖက် နစ်နာမှုများ မရှိစေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်သုံးသပ် အကြံပြုပြန်ကြားပေးရကြောင်း၊ စီးပွားရေးလုပ်ငန်းစာချုပ်များမှာ လုပ်ငန်းသဘောသဘာဝအပေါ် မူတည်၍ စာချုပ်အမျိုးအစား အမျိုးမျိုးကွဲပြားနိုင်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်သည့် ဥပဒေအရာရှိများအနေဖြင့် စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ဥပဒေအခြေခံ သဘောတရားများကို သိရှိနားလည်ခြင်းအားဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေမည် ဖြစ်သောကြောင့် ယခုသင်တန်းကို သေချာမှတ်သား၍ လေ့လာရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရက်သတ္တပတ် ကြာမြင့်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်တွင် နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး "ပန်းခင်း" စီမံချက်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၀**
နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး "ပန်းခင်း" စီမံချက်နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က "ပန်းခင်း" စီမံချက်အနေဖြင့် နေပြည်တော်ရှိ မြို့နယ် (၈) မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး မရှိသူများကို ထုတ်ပေးနိုင်ရေး ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်ရန်ကာလ ၁၈ လအတွင်း ဌာနဆိုင်ရာများက ကျရာတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ "ပန်းခင်း" စီမံချက် အချိန်မီပြီးစီး အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့်သူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားရှိမှသာ နိုင်ငံအတွင်းရှိ လူဦးရေအချက်အလက်များ၊ လူ့စွမ်းအား အရင်းအမြစ်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ငါးဦးကော်မတီများဖြင့် အိမ်ထောင်စု စာရင်းထုတ်ပေးပြီး ထိုမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး ရမည်ဖြစ်သည့်အတွက် ဆက်စပ်ဌာနများမှ အရာရှိများကိုသာ ထည့်သွင်းဖွဲ့စည်းပေးစေလိုကြောင်း၊ "ပန်းခင်း"စီမံချက်သည် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် လုပ်ရမည့် လုပ်ငန်းဖြစ်သဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ သွားလာရေးခက်ခဲသည့် နေရာများကို ကြိုတင်စီစဉ်ထားကြရန်လိုကြောင်း၊ အဓိကအကျဆုံးမှာ Data စာရင်းအချက်အလက် မှန်ကန်ရန်နှင့် အချိန်မီပြီးစီးရန်လိုကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်က "ပန်းခင်း"စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားခွဲရုံများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် ဓာတ်အားခွဲရုံများ အခြေအနေတို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းအရ အိမ်ထောင်စုပေါင်း ၁၀ သန်းကျော်ရှိသည့်အနက် လျှပ်စစ်မီးအသုံးပြုနေသည့် အိမ်ထောင်စုပေါင်း ၆ သန်းကျော်ရှိလာပြီး ၎င်းမှ ရန်ကုန်တိုင်းဒေသကြီးသည် ၁ ဒသမ ၅ သန်းခန့် အသုံးပြုလျက်ရှိသည့်အတွက် စိတ်ချယုံကြည်ရသော အရည်အသွေးပြည့်ဝ၍ ဗို့အားတည်ငြိမ်သော လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ် တိုးတက်သုံးစွဲနိုင်ရေး အလေးပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး ဝန်ဆောင်မှုကောင်းသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သလို တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း စနစ်တကျထိန်းသိမ်း ပြုပြင်ခြင်းများ ဟန်ချက်ညီညီ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဓာတ်အားပိတ်၍ ဆောင်ရွက်ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြပြီး ပြည်သူသို့ အသိပေးကာ ဓာတ်အားပြတ်တောက်ချိန် အနည်းဆုံးနှင့် ပြည်သူလူထုအပေါ် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေး အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြီးခဲ့သောကာလများတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် မီးသုံးစွဲသူပြည်သူလူထုအား လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ပြည်သူလူထုမှ အသိအမှတ်ပြုခဲ့သဖြင့် ၎င်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အနီးကပ် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်အတွက် ပြည်သူလူထုအား လေးလေးစားစား ပျူပျူငှာငှာ ဆက်ဆံပြီး ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် ပြည်သူလူထုအတွက် အရည်အသွေး ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြည့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်များ၏ ခရိုင်လျှပ်စစ် မန်နေဂျာများက မိမိတို့ခရိုင်အလိုက် ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ မီးသုံးစွဲသူဦးရေ၊ ဓာတ်အားခကောက်ခံမှု၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးအတွက် တိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ဓာတ်အားခွဲရုံများ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်က ခရိုင်လေးခရိုင်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ခရိုင်များအလိုက် တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားလိုင်းများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်စေရေးအတွက် ၆၆ ကေဗွီမှ ဗို့ ၄၀၀ အထိ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာများ မောင်းနှင်ဖြန့်ဖြူးနေမှုများကို အလိုအလျောက် ထိန်းသိမ်းမောင်းနှင်စောင့်ကြည့်နိုင်၍ ဓာတ်အားပြတ်တောက်မှုများ ရှိခဲ့ပါက ဓာတ်အားပြတ်တောက်ရသည့်အကြောင်းအရင်း၊ တည်နေရာများကို အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ရရှိရန် ဆောင်ရွက်နိုင်၍ ဓာတ်အားပြတ်တောက်မှု ကြာချိန်ကို လျှော့ချပေးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှုများကို အချိန်နှင့်တစ်ပြေးညီ မီးသုံးစွဲသူများထံသို့ Message ပေးပို့နိုင်ခြင်းတို့အတွက် ဆောင်ရွက်နိုင်ရန် ပထမအဆင့်အနေဖြင့် ဓာတ်အားခွဲရုံ ၁၇ ရုံအတွက် တည်ဆောက်နေသော ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်စနစ် SCADA တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း AMI မီတာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြို့နယ် ခုနစ်မြို့နယ်၏ ဆောင်ရွက်နိုင်မှုနှင့် Automatic Billing စနစ်ဖြင့် ဆောင်ရွက်နေသော မြို့နယ် ၂၃ မြို့နယ်တို့၏ ဆောင်ရွက်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက စစ်ဆေးတွေ့ရှိချက်များအပေါ် AMI မီတာစနစ်ကို အသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့် Bar Code စနစ်ပါရှိသည့်အတွက် ဓာတ်အားခငွေပေးဆောင်ရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန် မလိုအပ်ခြင်း၊ ဌာနနှင့် မီးသုံးစွဲသူပြည်သူများအတွက် နှစ်ဖက်မြင်စနစ်ဖြင့် ဆောင်ရွက်ထား၍ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မီးသုံးစွဲသူများ၏ လက်ကိုင်ဖုန်းတွင် mebill Application ကို ဒေါင်းလုတ်ရယူ၍ လက်ရှိလ၏ Bill မှတ်တမ်းနှင့် ဓာတ်အားခ ပေးဆောင်ပြီး/မပြီးတို့ကို သိရှိနိုင်ခြင်း၊ တစ်နှစ်အတွက် ဓာတ်အားခ ကျသင့်ငွေမှတ်တမ်း၊ လက်ရှိအချိန်၌ သုံးစွဲယူနစ်နှင့် ကျသင့်ငွေတို့ကို အချိန်မရွေး ကြည့်ရှုနိုင်ခြင်းနှင့် မီးသုံးစွဲသူပြည်သူများအနေဖြင့် မည်သည့်ဘဏ်နှင့်မဆို ချိတ်ဆက်ပြီး Online Payment ပေးဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသည့်အပြင် တစ်ဖက်တွင်လည်း ဓာတ်အားစနစ်လျော့နည်းပျောက်ဆုံးမှု ကျဆင်းသဖြင့် နိုင်ငံတော်၏ဝင်ငွေ တိုးတက်ရရှိလာသောကြောင့် AMI မီတာစနစ်နှင့် Automatic Billing စနစ်များကို တိုင်းဒေသကြီးတစ်ခုလုံး တပ်ဆင်အသုံးပြုနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အလျောက် ပြည်သူကိုအကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ခေတ်မီတိုးတက်သော နည်းစနစ်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၀**

စားသုံးဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်တွင်း၌ ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ထုတ်လုပ်မှုများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ပြည်တွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချစေရေးအတွက် “စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ” ဖွဲ့စည်း၍ ဆောင်ရွက်ထားရှိမှု၊ ဈေးကွက်အတွင်း သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချရေး ထိန်းကျောင်းဆောင်ရွက်နေမှု၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ သုံးစွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ထွက်ပေါ်လာသည့် ရလဒ်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီအရည်အသွေး ပြင်ဆင်သတ်မှတ်ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး စားအုန်းဆီဈေးနှုန်းသည်လည်း ယခင်နှစ်ထက် နှစ်ဆခန့် ပိုမိုမြင့်တက်ခဲ့ပါကြောင်း၊ စားအုန်းဆီ အဓိကထုတ်လုပ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် လက်ကျန်လျော့နည်းလာပြီး စားအုန်းဆီ စက်ရုံများလည်း အပြည့်အဝလည်ပတ်နိုင်ခြင်း မရှိသေးသည့်အတွက် ထုတ်လုပ်မှုလျော့နည်းလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုပြင်းထန်လာမှုကြောင့် အိန္ဒိယနိုင်ငံ အပါအဝင် ဥရောပနိုင်ငံများမှ စားနပ်ရိက္ခာများကို ပိုမိုဝယ်ယူစုဆောင်းလာသည့်အတွက် ဝယ်လိုအားများပြားလာပြီး ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းမြင့်တက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့်ပူးပေါင်း၍ ပြည်သူများ စားသုံးဆီ သုံးစွဲမှု မှန်ကန်စေရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း စားအုန်းဆီများ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချစေရေး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလတွင် ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှုအပိုင်းများတွင် ပိုမိုစနစ်တကျ ဖြစ်စေရေးနှင့် ထုပ်ပိုးမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက စားသုံးဆီ ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှုအခြေအနေများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်သည်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် သမိုင်းဂုဏ်တင့်စေချင်

ကောင်းကင်မင်း

ကမ္ဘာပေါ်တွင် ရုပ်ရှင်ပေါ်ပေါက်လာမှုသည် ၁၈၈၆ ခုနှစ်ခန့်ကဖြစ်ပြီး ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံတို့၌ စတင်ထွန်းကားလာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၁၀ ပြည့်နှစ်ခန့်က ရုပ်ရှင်ပြသမှုများစတင်ခဲ့ကြောင်းကို "အလွန်ထူးဆန်းသော ဓာတ်မီးနှင့် အရိပ်ပြပွဲအကြောင်း" သတင်းအထောက်အထားများအရ သိရသည်။

အနောက်နိုင်ငံများထက်နှစ်ပေါင်း ၂၀ ကျော်နောက်ကျပြီးမှ ရုပ်ရှင်လောကထွန်းကားခဲ့သော်လည်း မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းသည် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ် ခိုင်ခိုင်မာမာရပ်တည်ဖြတ်သန်းခဲ့သည်ကို သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိပါသည်။

**မြန်မာ့ရုပ်ရှင်ခေတ်ဦး**

မြန်မာ့ရုပ်ရှင်လောက၏ ပိတ်ကားကို ဖွင့်လှစ်ပေးခဲ့သူမှာ လန်ဒန်အတ် ဦးအုန်းမောင် ဖြစ်ပါသည်။ ဦးအုန်းမောင် ရိုက်ကူးခဲ့သော ဦးထွန်းရှိန် ဈာပနမှတ်တမ်း ရုပ်ရှင်၊ မေတ္တာနှင့် သူရာရုပ်ရှင်တို့သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးနိဒါန်းများဖြစ်ပါသည်။ ဦးအုန်းမောင်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလတွင် ထိုအချိန်က နာမည်ကျော်ကြားနေသော ဇာတ်မင်းသားကြီး ဦးဖိုးစိန်၏ အကမျိုးစုံကို စမ်းသပ်ရိုက်ကူးရန်ကြံစည်ခဲ့ပါသည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန်က ၎င်း၏ဇာတ်ပွဲများတွင် ပရိသတ်နည်းပါးသွားမည်ကို စိုးရိမ်သဖြင့် ဦးအုန်းမောင်၏ အကြံကိုသဘောမတူခဲ့သောကြောင့် မြန်မာ့ရုပ်ရှင်ငွေရောင်ပိတ်ကားပေါ်တွင် ဇာတ်သဘင်အငွေ့အသက်များဖြင့် သမိုင်းနိဒါန်း အစမပျိုးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မြန်မာ့ရုပ်ရှင်အစည်းအရုံးပေါ်ပေါက်လာသောအခါ မေတ္တာနှင့် သူရာ ရုပ်ရှင်ဇာတ်ကားရုံတင်ပြသသည့် အောက်တိုဘာလ ၁၃ ရက်နေ့ကို မြန်မာ့ရုပ်ရှင်နေ့ဟု သတ်မှတ်ခဲ့ ကြပါသည်။ မြန်မာနိုင်ငံ၏ ရုပ်ရှင်ခေတ်ဦးသည် လွတ်လပ်ရေးကြိုးပမ်းဆဲကာလ၊ အခက်အခဲမျိုးစုံရင်ဆိုင်နေရသောကာလ၊ နည်းပညာနှင့် ကန့်သတ်ချက်များစွာကို ရင်ဆိုင်ကျော်လွှားပြီး မြန်မာ့ရုပ်ရှင်လောကကို သန္ဓေတည်မွေးဖွားခဲ့ကြရပါသည်။

မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလ မြန်မာ့ရုပ်ရှင်လောက ရှင်သန်ဖွံ့ထွားလာရေး ရုပ်ရှင်ဖခင်ကြီးများက မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်၊ မြန်မာတို့၏ စွမ်းပကားနှင့် မြန်မာ့ရုပ်ရှင်ကို မျိုးစေ့ချလိုသော စိတ်ကောင်းစေတနာမွန်များဖြင့် အစပြုခဲ့ကြခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်နှင့် လူမျိုး၏ မျက်နှာကိုသာ ရိုးသားရှင်းလင်းသော အခြေခံစေတနာကောင်းဖြင့် မြန်မာ့ရုပ်ရှင်စာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့အစိုးရက မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများတိုးပွားလာခြင်းသည် ရုပ်ရှင်ကြောင့်ဟုယူဆခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် မြန်မာတစ်ဦးမျှ မပါဝင်သော မြန်မာ့ရုပ်ရှင် စစ်ဆေးရေးဆင်ဆာအဖွဲ့ကို ဖွဲ့စည်း၍ မြန်မာ့ရုပ်ရှင်ကို နှိပ်ကွပ်ချုပ်ချယ်မှုများပြုလုပ်ခဲ့ကြပါသည်။ မြန်မာ့ရုပ်ရှင်ဆင်ဆာစစ်ဆေးရေးအဖွဲ့ ပထမဆုံးထုတ်ပေးသော ဆင်ဆာလက်မှတ်ရဇာတ်ကားမှာ "ကျေးတောသူ မနု" ဖြစ်ပါသည်။

**မြန်မာ့ရုပ်ရှင်နှင့် စည်းကမ်းထိန်းကျောင်းမှုများ**

မြန်မာ့ရုပ်ရှင်လောက စည်းကမ်းစနစ်တကျဖြစ်စေရန် ထိန်းကျောင်းမှုများ ခေတ်အဆက်ဆက်ရှိခဲ့ပါသည်။ ၁၉၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဆင်ဆာဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် ရုပ်ရှင်ဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၆၃ မှ ၁၉၈၅ အထိ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၆ မှ ၂၀၁၃ အထိ ရုပ်ရှင်ဆင်ဆာအဖွဲ့အမည်များဖြင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်အများစု ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၆ ခုနှစ်တွင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၉၆) ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ရုပ်ရှင်ဥပဒေ (၉/၉၆)ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နည်းဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းကို ဖျက်သိမ်းပြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန အဖြစ်ပြောင်း၍ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာနှစ်ဖွဲ့ကို ပူးပေါင်းကာ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့ကို ဌာနဆိုင်ရာ ပုဂ္ဂိုလ်ရှစ်ဦး၊ ပြင်ပပုဂ္ဂိုလ် ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ရုပ်ရှင်ဥပဒေပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီရန် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဟု အမည်ပြောင်းခဲ့ပါသည်။

ဌာနဆိုင်ရာ ပုဂ္ဂိုလ်များလျှော့ချ၍ ဌာနဆိုင်ရာမှ သုံးဦး၊ ရုပ်ရှင်အစည်းအရုံးမှ ငါးဦး၊ ဂီတအစည်းအရုံးမှ တစ်ဦး၊ ပြင်ပကျွမ်းကျင်ပညာရှင်ခြောက်ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၈၉ ခုနှစ် ဇွန်လတွင် ရုပ်ရှင်ဆင်ဆာအဖွဲ့၏ အခြေခံမူ ၁၀ ချက်ကို သတ်မှတ်ခဲ့ပါသည်။ ၎င်းတို့မှာ (၁) နိုင်ငံရေး (၂) ဘာသာရေး (၃) တိုင်းရင်းသားချစ်ကြည်ရေး (၄)အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး(၅) ကိုယ်ကျင့်တရားကောင်းမွန်ရေး(၆) ရာဇဝတ်မှုပပျောက်ရေး (၇) ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး (၈) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး(၉) ညစ်ညမ်းမှုကင်းရှင်းရေး (၁၀) ကလေးသူငယ်များအရေးတို့ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (၄) ချက်ကို ပယ်ဖျက်၍ (၁) နိုင်ငံရေး (၂) ဘာသာရေး (၃) တိုင်းရင်းသားချစ်ကြည်ရေး (၄) အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး (၅) ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး (၆) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး အချက်များကိုသာ ဆင်ဆာစစ်ဆေးရန် သတ်မှတ်ခဲ့ပါသည်။၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ရုပ်ရှင်လောကသားများက စာပေစိစစ်ရေးအဖွဲ့မရှိသလို ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့လည်း မရှိသင့်ကြောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများနှင့်ပတ်သက်ပြီး ဆင်ဆာအဖွဲ့က ပြင်ဆင်ဖြတ်တောက်ရန်ထက် ဖြတ်တောက်သင့်ပါကြောင်း အကြံပြုချက်ဖြင့်သာ ဆောင်ရွက်ပေးသင့်ကြောင်း၊ ဆင်ဆာနှင့်ပတ်သက်၍ Rating စနစ်ဖြင့် ဆောင်ရွက်ရန် တောင်းဆိုခဲ့ပါသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံး အလုပ်အမှုဆောင်ရွေးချယ်ပွဲများကို ၂၀၁၂ ခုနှစ်အထိ နှစ်နှစ်တစ်ကြိမ်ကျင်းပပြီး ၂၀၁၅ ခုနှစ်မှစ၍ သုံးနှစ်တစ်ကြိမ်ကျင်းပရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ခဲ့သည်။

**ရုပ်တည်ချက်နှင့် လုပ်ဆောင်မှုမှန်ကန်စေရေး**

ရိုးသားမှု၊ ကြိုးစားမှုနှင့် ခေတ်ရေစီးကြောင်းကို နားလည်မှုများကြောင့် မြန်မာ့ရုပ်ရှင်လောကသည် ခေတ်ဦးကာလမှ ခေတ်များစွာကို ပြည်သူပရိသတ်ရင်ထဲမှ အချစ်များကို ရယူနိုင်ခဲ့ကြပါသည်။ ၁၉၄၇ ခုနှစ်တွင် ပြုလုပ်သော မြန်မာ့ရုပ်ရှင် ငွေရတုအခမ်းအနား၌ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"မြန်မာပြည်ကြီး လွတ်လပ်တော့မည်ဖြစ်ကြောင်း၊ လွတ်လပ်သော မြန်မာပြည်တွင် တိုင်းပြည်ထူထောင်တိုးတက်ရေးအတွက် တိုင်းသူပြည်သားတိုင်း တာဝန်ရှိကြောင်း၊ ရုပ်ရှင်လောကသားများမှာလည်း တာဝန်ရှိကြောင်း၊ ရုပ်ရှင်အနုပညာဖြင့် တိုင်းပြည်အကျိုးရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ပါသည်။

ရုပ်တည်ချက်နှင့် လုပ်ဆောင်မှု မှန်ကန်ကောင်းမွန်ခဲ့သော ရုပ်ရှင်လောကသားများစွာ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော သရုပ်ဆောင်မှုများကို ငြင်းဆန်ပြီး မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ သရုပ်ဆောင်ပီပြင်ခဲ့သော ဒေါ်ဝင်းမင်းသန်းသည် မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားကြီးမြတ်မှုကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်တိုင်းတွင် အနုပညာအပေါ်ကိုသာ အာရုံထားပြီး ပြည်သူနှင့် တိုင်းပြည်အရေး ဦးစားပေးခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်သူများက ချစ်ခင်လေးစားအားကျအတုယူပြီး ပြည်သူများ၏ မျက်နှာသာပေးမှုကို သိမ်းကျုံးရယူခဲ့ကြသည်ချည်းဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာနှင့် နိုင်ငံရေး ရောထွေးပြီး အနုပညာအပေါ် ဥပဒေဘောင်အထက်တွန်းပို့၍ ကိုယ်ကျိုးရှာ အတ္တဝါဒီများကြောင့် ရုပ်ရှင်အနုပညာရပ်ဝန်း ညစ်ထေးမှုများ၊ အစွန်းအထင်းများမဖြစ်စေရန် အရေးကြီးလှပါသည်။ အနုပညာရှင်များသည် မိမိနယ်ပယ်၏ ကျင့်ဝတ်စည်းကမ်းများကို သိရှိလိုက်နာကြရန် လိုပါသည်။ ရုပ်ရှင်လောကသားများ ပါတီနိုင်ငံရေးလုပ်ခွင့်ရှိပါသည်။ မိမိရွေးချယ်သည့် ဘဝလမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ရပ်တည်ရေးသည် အဓိကကျပါသည်။ ရော်နယ်ရေဂင်သည် ရုပ်ရှင်မင်းသားမှ အမေရိကန်သမ္မတဖြစ်ခဲ့ဖူး၏။

ဂျိုးဇက်အမ်စတာဒါသည် ရုပ်ရှင်မင်းသားဘဝမှ ဖိလစ်ပိုင်သမ္မတဖြစ်ဖူး၏။ နိုင်ငံရေးနယ်ပယ်ကို ခြေချလိုက်ပါက စောင့်ထိန်းရမည့် စည်းကမ်းကျင့်ဝတ်များကို ပညာရှင်ဆန်ဆန် ရိုးရိုးသားသား လိုက်နာကြရမည်ဖြစ်ပါသည်။ မိမိဘဝလမ်းကြောင်း ရွေးချယ်မှုကို ဥပဒေအရ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းမရှိသော်လည်း အနုပညာအခြေပြုဥပဒေကို လက်တစ်လုံးခြားလုပ်ခြင်းနှင့် ဥပဒေချိုးဖောက်ရေးအားပေးကူညီမှုများကို မည်သည့်နိုင်ငံ မည်သည့်အစိုးရကမျှ လက်ခံခွင့်လွှတ်ပေးနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်လောကသမိုင်း တင့်တယ် ဂုဏ်မြင့်စေလိုပါက ရုပ်ရှင်လောကသားများကိုယ်တိုင် တစ်ဦးချင်းစီက ရုပ်တည်ချက်နှင့် လုပ်ဆောင်မှုမှန်ကန်စေရေးသည် အဓိကအရေးကြီးသော အချက်ဖြစ်ပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံတည်ငြိမ်အေးချမ်းစွာ ရပ်တည်နေထိုင်နိုင်ရေးနှင့် အကျိုးစီးပွားကို ထိခိုက်ပျက်ပြားမှုမရှိစေရေး ပြည်သူများ၏ မေတ္တာနှင့် အချစ်သဒ္ဓါများကို ရိုးသားစွာရယူ၍ ပြည်သူ့အကျိုး နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်သော မြန်မာ့ရုပ်ရှင်သမိုင်းဂုဏ်တင့်စေသော အနုပညာရှင်၊ အတတ်ပညာရှင်များဖြစ်ကြပါစေဟု မေတ္တာတရားရှေ့ထား ရေးသားတင်ပြလိုက်ရပါသည်။ ။

*** ပြောင်းလဲလာသော ခေတ်စနစ်တိုင်းတွင် အနုပညာအပေါ်ကိုသာ အာရုံထားပြီး ပြည်သူနှင့် တိုင်းပြည်အရေး ဦးစားပေးခဲ့ကြသော အနုပညာရှင် အတတ်ပညာရှင်များအား ပြည်သူများက ချစ်ခင်လေးစားအားကျအတုယူပြီး ပြည်သူများ၏ မျက်နှာသာပေးမှုကို သိမ်းကျုံးရယူခဲ့ကြ**

*** မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာနှင့် နိုင်ငံရေး ရောထွေးပြီး အနုပညာအပေါ် ဥပဒေဘောင်အထက်တွန်းပို့၍ ကိုယ်ကျိုးရှာ အတ္တဝါဒီများကြောင့် ရုပ်ရှင်အနုပညာရပ်ဝန်း ညစ်ထေးမှုများ၊ အစွန်းအထင်းများမဖြစ်စေရန် အရေးကြီးလှပါသည်။ အနုပညာရှင်များသည် မိမိနယ်ပယ်၏ ကျင့်ဝတ်စည်းကမ်းများကို သိရှိလိုက်နာကြရန်လိုပါသည်။ ရုပ်ရှင်လောကသားများ ပါတီနိုင်ငံရေးလုပ်ခွင့်ရှိပါသည်။ မိမိရွေးချယ်သည့် ဘဝလမ်းကြောင်းကို ရှင်းရှင်းလင်းလင်းရပ်တည်ရေးသည် အဓိကကျ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန် ဂျာမနီဆေးဝါးကုမ္ပဏီ စီစဉ်



**ဖရန့်ဖတ် မေ ၁၀**
ဂျာမနီဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် BioNTech ကုမ္ပဏီသည် စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံတစ်ရုံတည်ဆောက်ကာ တစ်နှစ်လျှင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်းရာနှင့်ချီ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ကုမ္ပဏီက ယနေ့ ပြောကြားသည်။

ယင်းကာကွယ်ဆေးထုတ်လုပ်ရေး စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ်အတွင်း စတင်အကောင် အထည်ဖော်မည်ဖြစ်ပြီး လာမည့် ၂၀၂၃ ခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်ကြောင်း ဂျာမနီဆေးဝါးကုမ္ပဏီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရန် ရည်ရွယ်ခြင်းနှင့်အတူ မိမိတို့၏ ကာကွယ်ဆေးထုတ်လုပ်မှု ကွန်ရက်နှင့် ကာကွယ်ဆေးထုတ်လုပ်မှု စွမ်းဆောင်ရည်ကို တိုးမြှင့်မည်ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိပြည်သူများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ရောဂါကုထုံး နည်းစနစ်ဖြန့်ဖြူးမှု စွမ်းဆောင်ရည်ကိုလည်း တိုးချဲ့မည်ဖြစ်ကြောင်း BioNTech ဆေးဝါးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အူဂါဆာဟင်က ရှင်းလင်းပြောကြား သည်။

ဂျာမနီပိုင် BioNTech ဆေးဝါးကုမ္ပဏီနှင့် အမေရိကန်ပိုင် Pfizer ဆေးဝါးကုမ္ပဏီတို့က ပူးပေါင်းထုတ်လုပ် သည့်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အရေးပေါ် သုံးစွဲရန် ယမန်နှစ်နှောင်းပိုင်းက အနောက်နိုင်ငံများတွင် အတည်ပြုထားသည့်ပထမဆုံးကာကွယ်ဆေးဖြစ်လာခဲ့ သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် အဆိုပါကာကွယ်ဆေးကို အသုံးပြုလျက်ရှိသည်။ သို့ဖြစ်ရာ ဂျာမနီဆေးဝါးကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေး အလုံးရေသုံးဘီလီယံအထိ ထုတ်လုပ်မည်ဟု မျှော်လင့်ရသည်။ BioNTech ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၅ ဘီလီယံခန့်သာ ထုတ်လုပ်ရန် ယခင်က စီစဉ်ထားသော်လည်း ယခုအခါ ကာကွယ်ဆေး အသုံးပြုသူများပြားလာသည့်နှင့်အမျှ ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးအလုံးရေ သုံးဘီလီယံအထိ ထုတ်လုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၌ တည်ဆောက်ရန် စီစဉ်ထားသည့် အဆိုပါ ကာကွယ်ဆေး စက်ရုံသည် ဥရောပတိုက်ပြင်ပရှိ ဂျာမနီဆေးဝါးကုမ္ပဏီ၏ ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံ ဖြစ်လာမည်ဖြစ်ပြီး ကာကွယ်ဆေးအလုံးရေ သန်းရာပေါင်းများစွာ ထုတ်လုပ်နိုင်စွမ်းရှိမည်ဟု မျှော်လင့်ရသည်။

ထို့အတူ BioNTech ဆေးဝါးကုမ္ပဏီ၏ မိတ်ဖက်ဖြစ်သည့် အမေရိကန်၏ Pfizer ဆေးဝါးကုမ္ပဏီသည်လည်း အမေရိကန်ပြည်ထောင်စုနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးစက်ရုံများ တည်ထောင်ထားပြီး ယင်းစက်ရုံများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထုတ်လုပ်ပြီး ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ဖြူးပေးလျက်ကြောင်း သိရသည်။

BioNTech နှင့် Pfizer ဆေးဝါးကုမ္ပဏီတို့သည် ကမ္ဘာတစ်ဝန်းရှိရင်းတို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ရန် အခြားဆေးဝါးကုမ္ပဏီများဖြစ်သည့် Merck၊ Novartis နှင့် Sanofi စသည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ကန့်သတ်ချက်ကို ဇွန်လအထိ တိုးမြှင့်သတ်မှတ်မည်

**ကွာလာလမ်ပူ မေ ၁၀**
မလေးရှားနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ဇွန်လအထိ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မူဟာ်ဒင်ယာဆင်းက ယနေ့တွင် ပြောကြားသည်။

ယခုချမှတ်ခဲ့သည့် ခရီးသွားလာခွင့်ကန့်သတ်ချက်များသည် မေ ၁၂ ရက်မှစတင်ကာ ဇွန် ၇ ရက်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများ ထပ်မံချမှတ်ရန် လိုအပ်ကြောင့် ချမှတ်ခြင်းဖြစ်ကြောင်းလည်း မလေးရှားဝန်ကြီးချုပ် မူဟာ်ဒင်ယာဆင်းက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၀၇ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၄၄၈၄ ဦးအထိရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယနေ့ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ငါးဦးမှာ ပြည်ပမှ ကူးစက်လာသူများဖြစ်ပြီး ၃၈၀၂ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းလည်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟီရှမ်အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၄၅၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၀၅၃၈၈ ဦးအထိ ရှိလာကြောင်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်၏ ၉၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၈၈ သန်းကျော်ရှိလာ


**မော်စကို မေ ၁၀**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၆၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၈၈၈၇၂၇ ဦးအထိရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၂၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၃၆၄၇ ဦးအထိ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇၇၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၅၀၂၉၀၆ ဦးအထိရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၉၆ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၁၉၂၈၄ ဦးအထိရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက် လျက်ရှိရာ လက်ရှိတွင် ပြည်သူ ၁၃၁ ဒသမ ၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၆၁၆၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သောတစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၆၁၆၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၆၂၅၇၅ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယမန်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၇၅၄ ဦးရှိလာခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၆၁၁၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၃၇၄၅၂၃၇ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၇၁၂၂၂ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အချို့ပြည်နယ်များတွင် ရောဂါကူးစက်ပျံ့နှံ့မှုများကို တားဆီးရန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညမထွက်ရအမိန့်နှင့် အသွားအလာကန့်သတ်မှုများကို ချမှတ်ခဲ့သည်။

နယူးဒေလီမြို့၌ မေ ၁၇ ရက်အထိ အကျုံးဝင်သော တတိယအကြိမ်မြောက်အသွားအလာကန့်သတ်မှုကို ချမှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများမြင့်တက်နေသောကြောင့် စာမေးပွဲများကို အချိန်ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်များမှစတင်ပြီး နေ့စဉ်ကိုဗစ်-၁၉ ရောဂါအတည်ပြုကူးစက်ခံရသူအရေအတွက်မြင့်တက်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးအလုံးရေ သန်း ၁၇၀ ကျော်ကို နိုင်ငံသားများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးသောနေရာများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၃၀၃ သန်းကျော်အား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၅၈၂ ဦးရှိ



**ဗျူနိုအေးရိစ် မေ ၁၀**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၅၈၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၁၄၇၇၄၀ အထိရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၇၃၂၅ ဦးအထိရှိလာကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၈၁၇၁၆၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၆၃၂၅၀ သာကျန်ရှိတော့ကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗျူနိုအေးရိစ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၃၇၄၈၅၂ ဦးရှိခြင်းကြောင့် ယင်းအရေအတွက်သည် အာဂျင်တီးနားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ ၄၃ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ဗျူနိုအေးရိစ်မြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၆၁၈၆၄ ဦးရှိခြင်းကြောင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၇ ဒသမ ၆ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၁ ဒသမ ၃ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၅၉၀၄၇၄၇၁ ဦး**

**သေဆုံးသူ ၃၃၀၈၅၅၁ ဦး**

**ပြန်လည်ကျန်းမာလာသူ ၁၃၆၆၁၇၆၂၃ ဦး**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၄၃ ဦးရှိလာ

**ဖနောင်ပင် မေ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၄၃ ဦးရှိလာကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ပြည်တွင်း၌ ကူးစက်ခံရသူ ၄၉၅ ဦးရှိပြီး ၁၁ ဦးမှာ ပြည်ပမှ ကူးစက်လာသူများဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၆ ဦးရှိပြီး ရောဂါဖြစ်ပွားရာမှ ပြန်လည်ကျန်းမာလာသူ ၇၈၂၀ ရှိလာကြောင်း သိရသည်။ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများဖြစ်သော နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာနိုင်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် အော်ဗန်ဗိုင်းက သတိပေးပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ကိုဗစ်- ၁၉ ရောဂါတိုက်ဖျက်ရေးတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာသည်ကို ကြုံတွေ့ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စတင်ဖြစ်ပွားလျက်ရှိပြီး အဆိုပါ ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်နိုင်ရန်အတွက် စာသင်ကျောင်းများ၊ အားကစားလေ့ကျင့်ရေးရုံများ၊ ပြခန်းများနှင့် ရုပ်ရှင်ရုံများကို ပိတ်ထားရပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်တက်သော ဒေသအချို့တွင် အသွားအလာကန့်သတ်မှုများ ချမှတ်ထားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်ရာ နိုင်ငံသား ၁ ဒသမ ၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အခြေခံပညာကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်း ဖွင့်လှစ်



**နေပြည်တော် မေ ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာကဏ္ဍ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား ဘဏ္ဍာရေးတာဝန်ခံ အရာရှိများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျသုံးစွဲနိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက ခွဲဝေရရှိလာသည့် ဘဏ္ဍာငွေများကို မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ ထိထိရောက်ရောက်ဖြစ်အောင် စနစ်တကျသုံးစွဲနိုင်ရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၌ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍဟူ၍ အဓိကဌာနကြီး သုံးခုရှိသည့်အနက် အခြေခံပညာကဏ္ဍသည် ပညာရေးဝန်ကြီးဌာနမှရရှိသည့် ဘတ်ဂျက်အားလုံး၏ ၈၅ ရာခိုင်နှုန်းခန့်ကို သုံးစွဲဆောင်ရွက်ရသည့် ဌာနကြီးဖြစ်ပါကြောင်း၊ ကျန်သည့် ဘတ်ဂျက် ၁၅ ရာခိုင်နှုန်းခန့်ကို အခြားကဏ္ဍများရှိဦးစီးဌာနများက ခွဲဝေသုံးစွဲဆောင်ရွက်ကြပါကြောင်း၊ အခြေခံပညာကဏ္ဍသည် ထုထည်ပမာဏ အင်မတန်ကြီးမားသည့်အလျောက် ဘဏ္ဍာငွေကြေးသုံးစွဲမှုနှင့် ပတ်သက်သော အခက်အခဲ ပြဿနာများလည်း ရှိပါကြောင်း။

ယနေ့သင်တန်းသည် အချိန်ကာလတိုတောင်းသော်လည်း သင်တန်းချိန်အတွင်း စနစ်တကျ၊ သေသေချာချာ ဂရုတစိုက် သင်ကြားသင်ယူကြစေလိုပါကြောင်း၊ သင်တန်းမှ လုပ်ငန်းခွင်ကြုံတွေ့ရမည့် ဘဏ္ဍာရေးအခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဟုယုံကြည်ပါကြောင်း၊ လိုအပ်၍ တောင်းခံထားသော ဘဏ္ဍာငွေများရရှိလာသည့်အခါ သတ်မှတ်သည့်အချိန်ကာလအတွင်း အကျိုးရှိထိရောက်စွာ စနစ်တကျသုံးစွဲတတ်ရန်လိုပါကြောင်း၊ သဘာဝဘေးဒဏ်နှင့် အခြားသောအကြောင်းကြောင့် ကျောင်းဆောင်များ ပျက်စီးမှုကြုံတွေ့ရပါက အချိန်မီ ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အတွက်များ ရှေ့တန်းမတင်ဘဲ မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ စသည်ဖြင့် စုပေါင်းညှိနှိုင်းတိုင်ပင်၍ စနစ်တကျ ဆောင်ရွက်စေလိုပါကြောင်း။

**သင်ရိုးညွှန်းတမ်းများ မပြောင်းလဲ**

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းအရ ပညာရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ သင်ရိုးညွှန်းတမ်းများ မပြောင်းလဲပါကြောင်း၊ ယခင်သင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်းအသစ်အတိုင်းသာ သင်ကြားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ပညာတတ်များစုဝေးရာနေရာဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာတရား၊ ကိုယ်ချင်းစာထား၍ အချင်းချင်းလက်တွဲ ဆောင်ရွက်ကာ နိုင်ငံ၏ပညာရေး မြှင့်တင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ပညာရေးတိုးတက်မြင့်မားအောင်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်လုပ်ငန်းဖြစ်စေ ဘဏ္ဍာရေးသည် အဓိကကျသည့်ကဏ္ဍဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးတာဝန်ခံပုဂ္ဂိုလ်များအနေဖြင့် ကိုယ့်တာဝန်ကိုယ်သိ၍ တာဝန်ကျေအောင် စနစ်တကျ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မသုံးသင့်သည့်အရာတွင် မသုံးရအောင်၊ သုံးသင့်သည့်အရာတွင်လည်း သုံးစွဲနိုင်အောင် စနစ်တကျ စေတနာရှေ့ထားပြီး ပညာရေးတိုးတက်မြင့်မားအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အရည်အသွေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းမူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာမာချိုတို့က စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting)၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Management) နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ဘာသာရပ် သုံးခုကို ၁၀ ရက်မှ ၁၁ ရက်အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မိုးဦးကာလတွင်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦး ပရဟိတဂေဟာ ဆရာတော်ဦးပညာစာရထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါပရဟိတဂေဟာတွင်လက်ခံစောင့်ရှောက်ထားသော ကလေး ၃၇၁ ဦးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာန၏ ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာ ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၅၄၈ ဒသမ ၉၇ သိန်းကို ဆရာတော်ထံ ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ (ရန်ကုန်) သို့ရောက်ရှိခဲ့ပြီး မိုးကြိုကာလနှင့် မိုးဦးကာလတွင် ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဖြန့်ခွဲထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် သိုလှောင်ရုံတာဝန်ခံက ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)တွင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်း ၁၇ မျိုး၊ အိမ်ထောင်စု ၁၅၀၀၀ စာ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများနှင့် အလှူပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး သိုလှောင်ရုံတွင် ကယ်ဆယ်ရေးပစ္စည်း အိမ်ထောင်စု ၅၀၀၀ စုစာ သိုလှောင်ထားရှိပါကြောင်း၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)မှ အောက်မြန်မာပြည်ရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ် သိုလှောင်ရုံ စုစုပေါင်း ၅၀ သို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းကို အဓိကပေးပို့ဖြည့်တင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ် သိုလှောင်ရုံများသို့လည်း အရေးပေါ်အခြေအနေနှင့် လိုအပ်ချက်ရှိမှုအပေါ်မူတည်၍ ပေးပို့ဖြည့်တင်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြကြသည်။

**ပင်မသိုလှောင်ရုံဖြစ်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုသိုလှောင်ရုံ(ရန်ကုန်)သည် အောက်မြန်မာပြည်အတွက် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိရာ ပင်မသိုလှောင်ရုံဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းရှိသည့်အတွက် ပြည်တွင်းရှိ အခြားသိုလှောင်ရုံများအတွက် ပစ္စည်းများ ဖြန့်ခွဲပေးနိုင်သည့်အဓိကနေရာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းသည် မြစ်ချောင်းများပေါများခြင်း၊ ပင်လယ်ကမ်းရိုးတန်းများရှိနေခြင်းကြောင့် သဘာဝဘေးအန္တရာယ် ပိုမိုကျရောက်နိုင်ပြီး လူနေပိုမိုထူထပ်ပါကြောင်း၊ ယခုကာလသည် မေလဆန်းပိုင်းသို့ရောက်ရှိနေပြီး အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်လာပါက မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်၍ ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာပါက အသင့်ဖြစ်စေရန် နိုးနိုးကြားကြားဖြင့် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဘေးသတင်းများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်ရုံးများအား လမ်းညွှန်ထားရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ဘေးဖြစ်ပွားရာဒေသများသို့ အချိန်မီ ဖြန့်ခွဲထောက်ပံ့နိုင်ရေးအတွက် လူ၊ စက်၊ ယာဉ်ယန္တရားများစုဖွဲ့နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားခဲ့ပြီး သိုလှောင်ရုံမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဗဟိုသိုလှောင်ရုံရှိ ဂိုဒေါင်များအတွင်း ကယ်ဆယ်ရေးပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများ သိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဗဟိုသိုလှောင်ရုံ (ရန်ကုန်)အပါအဝင် သိုလှောင်ရုံများတွင် Inventory Management စနစ်ကို Software အသုံးပြု၍ ဆောင်ရွက်နိုင်ပါက အချက်အလက်များ ပိုမိုမြန်ဆန်မှန်ကန်စွာသိရှိနိုင်ခြင်း၊ လူအင်အားနည်းနည်းဖြင့် ဆောင်ရွက်နိုင်ပြီး အချိန်ကုန်သက်သာခြင်း၊ ပစ္စည်းများ လက်ခံဖြန့်ဖြူးရာတွင် ပိုမိုလွယ်ကူချောမွေ့ခြင်း၊ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ ပါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ သတင်း၏ ဒုတိယကော်လံ စာကြောင်းရေ ၉ ၌ ပါရှိသည့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၇၇၀ ဒသမ ၅၄၀ သိန်း အစား ၁၇၇၀ ဒသမ ၅၄၀ သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၉ ရက် နံနက်ပိုင်းတွင် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်း (သံတွဲ-ဂွ-လမ်းအပိုင်း) ပြုပြင်ထိန်းသိမ်း ထားရှိမှု၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၈)မှ အရှည်ပေ ၃၀၀ ကျောက်ပါးစပ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။





**လိုက်လံကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရတနာမြိုင်- ရေကျော် ကျေးလက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းလင်းမော်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် ရတနာမြိုင် - ရေကျော်လမ်း (၂)မိုင်အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကွန်ကရစ်ခင်းရာတွင် အရည်အသွေးကောင်းမွန်ရေးကို အလေးထား ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၈) မှ တာဝန်ယူတည်ဆောက်နေသော ဂွချောင်း တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။

ဂွချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်သည့် ကမ်းခြေပတ်လမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၁၃၉၉ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ၊ ခြောက်လက်မစီပါရှိပြီး တံတား အမျိုးအစားမှာ တံတားအပေါ်ထည် PC Girder + RC Girder ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားအောက်ထည်တို့ကို သံကူကွန်ကရစ် ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ၈၅ ပေ၊ အမြင့်ပေ ၂၀ နှင့် တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရက ဘဏ္ဍာနှစ်အလိုက် တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများ လိုက်နာဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ရေးလုပ်ငန်းအဆင့်အဆင့် ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ရခိုင်ပြည်နယ် တံတားများ တာဝန်ခံ အင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ရခိုင်ပြည်နယ် လမ်းများ တာဝန်ခံ ဦးကျော်မျိုးထွဋ်နှင့် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်မြင့်တို့က တံတားချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဂွချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်သော ကမ်းခြေပတ်လမ်းပေါ်တွင် တည်ရှိပြီး အရေးပါသည့် တံတားတစ်စင်း ဖြစ်ပါကြောင်း ၊ တံတားကြီးပြီးစီးသွားပါက ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အဓိကထား ဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်ရန် တို့ကို မှာကြားပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မင်းသန်း၊ တာဝန်ရှိ လမ်း၊ တံတားပညာရှင်များနှင့်အတူ ဂွဘက်ကမ်းတွင် ကမ်းကပ်ခုံ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေလည်တိုင်များ ဆောင်ရွက်ပြီးစီးမှုနှင့် ရက်မလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ တံတားတစ်စင်းလုံး ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်း (ဂွ-ငါးသိုင်းချောင်းအပိုင်း) တွင် ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဝန်းသို မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြုစနစ်ဖြင့် ကျေးရွာလူထု ကိုယ်တိုင်ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စောအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက စီမံကိန်းလုပ်ငန်းစဉ်များ အကြောင်း၊ ရန်ပုံငွေစနစ်တကျသုံးစွဲရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ ၂၂ ရွာမှ ကော်မတီဝင်များထံသို့ တာဝန်ရှိသူများက တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၊ မီးသတ်ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကံကုန်းကျေးရွာ (တင်းဝါးချောင်း)၊ ကံကုန်းကျေးရွာ (ဝင်းကြီး)၊ ဆည်ကြီး(ရွာဟောင်း) ကျေးရွာ၊ ဆည်ကြီး(ရွာသစ်) ကျေးရွာ၊ နောင်ကွင်းကျေးရွာ၊ ရွာသာကျေးရွာ၊ မှန်လွဲကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ကနဖော့ကျေးရွာ၊ ညောင်းကိုင်းကျေးရွာ၊ ထန်းတောကျေးရွာ၊ ဖီလေးကျေးရွာ၊ ညောင်အင်းကျေးရွာ၊ နမလင်ကျေးရွာ၊ ပုတိမ်ကုန်းကျေးရွာ၊ ကျူတောကျေးရွာ၊ မအူတောကျေးရွာ၊ ကျွန်းကုန်းကျေးရွာ၊ ငါးရန့်ချောင်းကျေးရွာ၊ အောင်သာကုန်းကျေးရွာ၊ အင်္ဂါးကျေးရွာ၊ အလယ်ခုံကျေးရွာ စသည့်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

# လက်ပံတန်း၌ ကတ္တရာခင်းခြင်း၊ ဂဝံခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်စင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်စိုးရှိန်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဌာနဆိုင်ရာများသည် ယနေ့တွင် မင်းရပ် ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း၌ အရှည် ၉၅၂ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ကိုးလက်မ ကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မိုးက ရှင်းလင်းတင်ပြမှုအပေါ် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ အနော်ရထားလမ်း အရှည် ပေ ၁၁၂၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မ ကတ္တရာခင်းခြင်း၊ မြို့မရပ်ကွက် ပန်းပင်ကုန်းလမ်း ကတ္တရာခင်းခြင်းနှင့် ဘီးလင်းတန်းရပ်ကွက် အောင်သိဒ္ဓိလမ်း၊ ဓမ္မဆန္ဒလမ်း၊ ပေါက်ကုန်းတောင်ပိုင်းလမ်း၊ အမှတ်(၂) အထကကျောင်းလမ်း၊ နေရှင်နယ်ကျောင်းလမ်း၊ နယ်မြေ (၆) အထက (၂) ကျောင်းလမ်းတို့တွင် ဂဝံခင်းခြင်းများကိုလည်းကောင်း၊ ပြည်တော်အေး၊ ဗောဓိလေးလမ်းကွန်ကရစ်တံတား တည်ဆောက်ခြင်းကိုလည်းကောင်း၊ မအူကုန်းရပ်ကွက် ဂေဟာလမ်း၊ နဲနမိတ်လမ်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဆင့်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ “မြစ်ဝမဲဇာ မြစ်ညာခိုတောင်”စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မြစ်ဝမဲဇာ၏ သဘာဝ အလှအပစုံလင် ရှုမငြီးသည့် မြစ်ချောင်းတောတောင်မြင်ကွင်းများ၊ မြန်မာ၊ ရှမ်း၊ ကတူး၊ ကနန်းလူမျိုးစုများ၏ ရှည်လျားသော နောက်ခံသမိုင်းကို အခြေပြုကာ လက်ရှိဖြစ်ပျက်မှုအခြေအနေများကို ယထာဘူတကျကျ သုံးသပ်တင်ပြထားသည်။ ရသမြောက်အဖွဲ့အနွဲ့များ ထုံမွမ်းလျက် အရေးအသားကောင်းလက်ရာကောင်းဖြင့် တင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၇၀၀ ဖြင့် အမှတ် ၅၂၉ -၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁)၊၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်(ဖုန်း ၀၂ -၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များ ထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် မေ ၁၀**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆုပြဇာတ်စာပေ ဒုတိယဆုရ “ကြာညိုချစ်ဝေ(ရွှေသုတ်မြေ)” ရေးသားသည့် “မခြေရက် ကြွေရက်ကယ်မျော”စာအုပ်ကို ၂၀၂၂ ခုနှစ် မေလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ် အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်ပေါ်မှ သတင်းများဝါဒဖြန့်မှုနှင့် အကျိုးဆက်

မျိုးငြိမ်းငယ်

**သတင်းမှား၏ အန္တရာယ်**

လူမှုကွန်ရက်တွေမှာ အန္တရာယ်များလာတဲ့ ပြဿနာတစ်ရပ်ကတော့ သတင်းတုတွေနဲ့ သတင်းအမှားတွေ ပိုမိုကျယ်ပြန့်လာခြင်း ဖြစ်ပါတယ်။ သတင်းတုတွေ၊ မမှန်သတင်းတွေနဲ့ အမှားအမှန်ရောထားတဲ့ သတင်းကိစ္စက မြန်မာနိုင်ငံမှာပဲ ဖြစ်နေတာတော့ မဟုတ်ပါဘူး။ ကမ္ဘာနဲ့အဝှမ်းမှာ ဖြစ်နေတာပါ။ ဒါပေမဲ့ အမြစ်စွဲနေဆဲ နိုင်ငံရေးပဋိပက္ခကြောင့် စိတ်ဝမ်းကွဲမှုတွေ၊ တစ်ဖက်စွန်းအယူအဆကွဲပြားနေဆဲ မြန်မာနိုင်ငံအတွက်တော့ သတင်းတု၊ သတင်းမှားတွေရဲ့ အန္တရာယ်က အခြားနိုင်ငံတွေထက် ပိုပြီးကြီးမားနေပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံပြန်လည်တည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတွေအပြင် ရေရှည်တည်ဆောက်ကြရမယ့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံလိုအပ်ချက်တွေ လုပ်ဆောင်နေစဉ်မှာ လူမှုကွန်ရက်ပေါ်က သတင်းတု၊ သတင်းမှားတွေဟာ အတားအဆီး အဟန့်အတားတွေပဲ ဖြစ်ပါတယ်။

**သတင်းမှားများနဲ့ ဝါဒဖြန့်ချိသည့်ပုံစံ**

လူမှုကွန်ရက်ပေါ် တွေ့မြင်နေရတဲ့ သတင်းတွေမှာ လုပ်ကြံရေးသားထားတဲ့ သတင်းအတုတွေ၊ သတင်းအစစ်ကို လိုရာကိုပဲ ဖော်ပြထားတဲ့ သတင်းတွေ၊ မိမိယူဆချက်သက်သက် သတင်းတွေ၊ အမှန်နဲ့အမှား ရောယောင်ဖော်ပြထားတဲ့သတင်းတွေ စတဲ့ ပုံစံမျိုးစုံနဲ့ တွေ့မြင်နေရပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ လူထုဆီကို အမြန်ဆုံးနဲ့ အကျယ်ပြန့်ဆုံးရောက်နိုင်တဲ့ လူမှုကွန်ရက်ကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားတွေနဲ့ ဝါဒဖြန့်ချိနည်းတစ်မျိုးပဲ ဖြစ်ပါတယ်။

**ဝါဒဖြန့်ချိနည်းဆိုတာကတော့ ကိုယ့်အတွက် ဒါမှမဟုတ် ကိုယ့်အဖွဲ့အစည်းအတွက် တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးဖြစ်ဖြစ် အကျိုးရှိစေဖို့ သတင်းတွေ၊ ကိုယ့်အယူအဆတွေ၊ သဘောတရားတွေ၊ လှုံ့ဆော်တိုက်တွန်းမှုတွေကို ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းဆီ ထပ်ကာထပ်ကာ ပျံ့နှံ့ရောက်ရှိစေခြင်းပဲဖြစ်ပါတယ်။ ဦးတည်ချက်ကတော့ ကိုယ်ရည်ရွယ်ထားတဲ့ လူထုအတွင်းမှာ ယခင်မူလရှိပြီးဖြစ်တဲ့ အယူအဆ၊ နားလည်လက်ခံထားမှု၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အမူအကျင့် စတာတွေကို ပြောင်းလဲလာစေပြီး ကိုယ့်အယူအဆ၊ သဘောထားနဲ့ ကိုယ့်လှုံ့ဆော်မှုတွေအတိုင်း ပြောင်းလဲလိုက်ပါဆောင်ရွက်လာဖို့ စနစ်တကျ စီမံဆောင်ရွက်ကြခြင်းပဲဖြစ်ပါတယ်။**

ဒီလို ဝါဒဖြန့်ချိဖို့ လုပ်ဆောင်နေတဲ့သူတွေ၊ အဖွဲ့အစည်းတွေက သတင်းနဲ့ အချက်အလက်တွေကို အသုံးချကြပါတယ်။ သတင်းအမှန်တွေကို ဖြန့်ချိကြသလို လုပ်ကြံဖန်တီးထားတဲ့သတင်းတွေ၊ အတုနဲ့အစစ်ရောထားတဲ့ သတင်းတွေ၊ စိတ်ကိုလှုံ့ဆော်တဲ့ သတင်းတွေကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် လုပ်ဆောင်ကြပါတယ်။ ဒီနေ့ခေတ်မှာတော့ အလွယ်ကူဆုံး၊ အမြန်ဆုံးနဲ့ အထိရောက်ဆုံးနည်းလမ်းကတော့ အင်တာနက်နဲ့ လူမှုကွန်ရက်ကို အသုံးပြုဖြန့်ချိခြင်း ဖြစ်ပါတယ်။ အဲဒီလို ဝါဒဖြန့်ချိတဲ့ပုံစံတွေကို မြန်မာနိုင်ငံမှာ အချိန်နဲ့အမျှ မြင်တွေ့နေရပါတယ်။ ဒါ့အပြင် သွေးထိုးလှုံ့ဆော်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ သတင်းအမှားတွေ၊ မျှော်လင့်ချက်တွေ၊ စည်းရုံးမှုတွေ၊ သွေးခွဲမှုတွေစတဲ့ ဆိုက်ဝါးနည်းလမ်းမျိုးစုံသုံးနေတာကို တွေ့မြင်နေရပါတယ်။

**ဆိုက်ဝါးများ၏ အန္တရာယ်**

အထက်ပါ ဆိုက်ဝါးတွေရဲ့အန္တရာယ်ဟာ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးလို ကဏ္ဍတွေသာ မကပါဘူး။ လူမှုအသိုက်အဝန်းရဲ့ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကျင့်ဝတ်တွေအထိ အကျိုးသက်ရောက်လာနေတာကို ကိုယ့်အနီးအနား ပတ်ဝန်းကျင်မှာပဲ တွေ့မြင်နေရပါတယ်။ နည်းပညာမြင့်မားတဲ့နိုင်ငံတွေ၊ နိုင်ငံရေးစနစ်တည်ငြိမ်တဲ့ နိုင်ငံတွေမှာတောင် လူမှုကွန်ရက်ပေါ်က သတင်းတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေရဲ့ ဂယက်ကို ခံစားနေကြရတာပါ။

လူမှုကွန်ရက်တွေကို ကောင်းတဲ့ရည်ရွယ်ချက်အတွက် တည်ဆောက်ခဲ့တယ်ဆိုပေမယ့် အသုံးပြုတဲ့သူတွေရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်တွေကြောင့် ဘေးထွက်ဆိုးကျိုးတွေရဲ့ဒဏ်ကို အထူးသဖြင့် နိုင်ငံငယ်တွေ၊ ပဋိပက္ခတွေတည်ရှိဆဲ လူမှုအသိုက်အဝန်းတွေက ပိုလို့ခံစားနေကြရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆက်သွယ်ရေးစနစ်တွေ အရှိန်အဟုန်နဲ့ တိုးတက်ကောင်းမွန်လာတာနဲ့အတူ လူမှုကွန်ရက်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခွင့်ရခဲ့ပါတယ်။

**ဝါဒဖြန့်ချိရာမှာ ပစ်မှတ်ဖြစ်တဲ့ လက်ခံသူရဲ့ ချင့်ချိန်လက်ခံနိုင်စွမ်းကလည်း များစွာအရေးကြီးပါတယ်။ ဝါဒဖြန့်နေတဲ့ အချက်အလက်တွေ၊ သတင်းတွေက မှန်သလား၊ မှားသလား၊ သတင်းရင်းမြစ်ရဲ့ ယုံကြည်ရမှု အဆင့်အတန်း၊ ပွင့်လင်းမြင်သာမှုတွေကို လက်ခံသူက ဆန်းစစ်အကဲဖြတ်နိုင်ဖို့လိုပါတယ်။ မှန်ကန်တဲ့သတင်းတွေဆိုရင် အကျိုးရှိနိုင်ပေမယ့် မမှန်ကန်တဲ့သတင်းတွေကို ယုံကြည်မိ၊ လက်ခံမိမယ်ဆိုရင် ကိုယ့်ရဲ့အတွေးတွေ၊ ဆုံးဖြတ်ချက်တွေလည်း မှားနိုင်။**

နည်းပညာပြောင်းလဲနေတဲ့ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတာကို ကြိုဆိုရမှာပါ။ အဲဒီတိုးတက်ပြောင်းလဲမှုရဲ့ ကောင်းတဲ့အကျိုးဆက်က စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစ လူမှုဆက်ဆံရေးအဆုံး ကမ္ဘာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံခွင့်၊ ရင်ပေါင်တန်းခွင့် ရရှိလာခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံအုပ်ချုပ်ရေးစနစ်ကအစ အွန်လိုင်းစီးပွားရေးတွေ၊ အွန်လိုင်းဘဏ်စနစ်တွေ၊ အွန်လိုင်းပညာရေး၊ အွန်လိုင်းကျန်းမာရေးတွေ၊ လူမှုဆက်ဆံရေးတွေ၊ မီဒီယာကဏ္ဍတွေ၊ ပွင့်လင်းမြင်သာမှု စတဲ့ ကဏ္ဍတိုင်းလိုလိုမှာ တိုးတက်မှုတွေ မြင်တွေ့လာရ၊ အကျိုးခံစားလာခဲ့ရပါတယ်။ ဒါဟာ မြန်မာ့အသွင်ကူးပြောင်းရေးရဲ့ ထင်ရှားတဲ့ အကျိုးရလဒ်တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ လူမှုကွန်ရက်ကို နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးချလာချိန်မှာတော့ ကောင်းကျိုးနဲ့အတူ ဆိုးကျိုးတွေပါ ပူးတွဲပါလာပါတော့တယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က များစွာမသိသာသေးပေမယ့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာတော့ လူမှုကွန်ရက်ကို နိုင်ငံရေးအတွက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုလာတာတွေ့ရပါတယ်။

လူမှုကွန်ရက်အသုံးပြုပြီး ရွေးကောက်ခံကိုယ်စားလှယ်တွေနဲ့ လူထု အချိန်မရွေးဆက်သွယ်နိုင်တယ်ဆိုပေမယ့် နိုင်ငံရေးရည်ရွယ်ချက်အတွက် အတိုက်အခံ နိုင်ငံရေးသမားတွေ၊ ပါတီတွေရဲ့ လူမှုကွန်ရက်တွေကို ကန့်သတ်တာတွေ၊ ပိတ်ပင်တာတွေ၊ တိုက်ခိုက်တာတွေ ပြုလုပ်လာကြသလို မိမိတို့တစ်ဦးချင်းအတွက်၊ မိမိပါတီအဖွဲ့အစည်းအတွက် လှုံ့ဆော်စည်းရုံးတာတွေကို အုပ်စုဖွဲ့ လုပ်ဆောင်လာကြပါတယ်။

အမေရိကန်လို နိုင်ငံအပါအဝင် အခြားနိုင်ငံတွေမှာလည်း အလားတူ လုပ်ဆောင်မှုတွေရှိပေမယ့် မြန်မာနိုင်ငံရဲ့အခြေအနေဟာ အခြားသောနိုင်ငံတွေနဲ့ မတူညီတဲ့အကြောင်းတရားတွေ များစွာရှိနေပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံ ရှိနေတာတွေ၊ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ ဘာသာစကားတွေရှိသလို နိုင်ငံရေးအရလည်း ခိုင်မာမှုမရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံရေးအယူအဆ၊ လိုလားချက်၊ မျှော်မှန်းချက်စတဲ့ နိုင်ငံရေးဆိုင်ရာတွေမှာလည်း ကွာဟမှုတွေရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံရဲ့ နှစ်ကာလကြာရှည်နေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေ၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေကလည်း ကြိုးပမ်းတည်ဆောက်နေရဆဲအခြေအနေမှာ လူမှုကွန်ရက်ပေါ်က အပျက်သဘောဆိုက်ဝါးတွေဟာ လူထုကို ပိုမိုသွေးကွဲစေခဲ့ပါတယ်။

**ဘယ်လိုအသုံးပြုကြမလဲ**

ဒီလိုအချိန်မှာ လူမှုကွန်ရက်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လိုအသုံးချမလဲဆိုတာက အရေးကြီးလာပါတယ်။ လူမှုကွန်ရက်အသုံးပြုသူရဲ့ ရည်ရွယ်ချက်၊ အသုံးချပုံနဲ့ ခံယူချက်တွေအလိုက် အကျိုးဆက်တွေက များစွာပြောင်းလဲသွားနိုင်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် လူမှုကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတဲ့ကာလ သက်တမ်းအားဖြင့် ဆယ်စုနှစ်တစ်ခုစာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ လူမှုကွန်ရက်ရဲ့ အကျိုးဆက်တွေက နက်နဲပြင်းထန်နေပါပြီ။ အကဲဆတ်လွန်းတဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲမှာ လူမှုကွန်ရက်ကို အသုံးပြုပြီး ဝါဒဖြန့်တာတွေ၊ သွေးခွဲလှုံ့ဆော်တာတွေ၊ ခြိမ်းခြောက်တာတွေ၊ သတင်းအမှား ထုတ်လွှင့်တာတွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးနဲ့ လုပ်ဆောင်နေကြပါတယ်။ လူမှုကွန်ရက်ပေါ်မှာ အုပ်စုတွေကွဲကြ၊ ပါတီတွေကွဲကြ၊ ဝါဒတွေကွဲကြတာတွေအပြင် မိသားစုအချင်းချင်းအကြား၊ သူငယ်ချင်းမိတ်ဆွေတွေအကြား အချင်းချင်းသွေးကွဲလာကြတာဟာ နိုင်ငံတည်ဆောက်ရေးအတွက် ကောင်းတဲ့အလားအလာ မဟုတ်ပါဘူး။ အပြင်မှာ လူကိုယ်တိုင်တွေ့ရင် မပြောရဲ၊ မဆိုရဲ၊ မလုပ်ရဲတဲ့ အပြောအဆိုတွေ၊ အပြုအမူတွေကို အွန်လိုင်းပေါ်မှာတော့ လုပ်တတ်ကြပါတယ်။

လူထုမငြိမ်မသက်ဖြစ်အောင်၊ သွေးဆူလာအောင်၊ အကြမ်းဖက်မှုတွေ လုပ်ဆောင်လာအောင် သွေးထိုးမြှောက်ပင့်မှုတွေကို လူမှုကွန်ရက်မှာ မမြင်ချင်အဆုံးပါ။ တစ်ဦးချင်း လုပ်ဆောင်နေတာတွေ၊ အုပ်စုဖွဲ့လုပ်ဆောင်နေတာတွေ၊ သတင်းမီဒီယာအမည်ခံပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေကြောင့် ပြည်သူလူထုအတွင်းမှာ အချင်းချင်းသွေးကွဲမှုတွေ၊ ရန်လိုမှုတွေ၊ မယုံကြည်မှုတွေ၊ လက်စားချေမှုတွေ တစ်စထက်တစ်စ တိုးလာတာဟာ နိုင်ငံ့အနာဂတ်အရေးအတွက် ရင်လေးစရာ အန္တရာယ်ပါ။

ဒီလိုဆိုလို့ အမြင်မတူတာ၊ အယူအဆကွဲပြားနိုင်တာ၊ သဘောထားကွဲလွဲတာတွေကို ဖျက်ကွယ်ပြုလိုတာ မဟုတ်ပါဘူး။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်မှာ အမြင်မတူတာနဲ့ ရန်ပြုလိုတာ၊ အယူအဆမတူတာနဲ့ အစွန်းရောက်တာတွေဟာ ကွဲပြားပါတယ်။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပေမယ့် လွတ်လပ်စွာရန်ပြုခွင့်ကိုတော့ ဘယ်ဒီမိုကရေစီကမှ ခွင့်ပြုမှာမဟုတ်ပါဘူး။

ဒီတော့ အင်တာနက်နဲ့ လူမှုကွန်ရက်တွေကို ဘယ်လိုပုံစံနဲ့ အသုံးပြုမလဲဆိုတာ ချင့်ချိန်စဉ်းစားကြဖို့ လိုပါတယ်။ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းရေးအတွက်၊ လူသားအကျိုးပြုအတွက် အသုံးပြုမယ်ဆိုရင် အဏုမြူဟာ ကောင်းကျိုးပေးပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ အဏုမြူကို လူတွေကို သတ်ဖြတ်ဖို့၊ စစ်တိုက်ဖို့အတွက် သုံးမယ်ဆိုရင် ဆိုးကျိုးပေးပါလိမ့်မယ်။ လူမှုကွန်ရက်ကို အသုံးပြုရာမှာလည်း ဒီလိုပါပဲ။

**စာမျက်နှာ ၁၇ သို့ ❖**

**အမေရိကန်လို နိုင်ငံအပါအဝင် အခြားနိုင်ငံတွေမှာလည်း အလားတူ လုပ်ဆောင်မှုတွေရှိပေမယ့် မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အခြားသောနိုင်ငံတွေနဲ့ မတူညီတဲ့အကြောင်းတရားတွေ များစွာရှိနေပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံရှိနေတာတွေ၊ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ ဘာသာစကားတွေရှိသလို နိုင်ငံရေးအရလည်း ခိုင်မာမှုမရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံရေးအယူအဆ၊ လိုလားချက်၊ မျှော်မှန်းချက်စတဲ့ နိုင်ငံရေးဆိုင်ရာတွေမှာလည်း ကွာဟမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံရဲ့ နှစ်ကာလကြာရှည်နေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေ၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေကလည်း ကြိုးပမ်းတည်ဆောက်နေရဆဲ အခြေအနေမှာ လူမှုကွန်ရက်ပေါ်က အပျက်သဘောဆိုက်ဝါးတွေဟာ လူထုကို ပိုမိုသွေးကွဲစေခဲ့။**

# နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၀**

နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က လယ်ယာမြေများကို စီမံခန့်ခွဲရာတွင် အကျိုးရှိရှိ အသုံးပြုနိုင်ရေးနှင့် နိုင်ငံတော်၏ စိုက်ပျိုးမြေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုကိစ္စရပ်များကို ဥပဒေနှင့် ညီ/မညီ အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ကြရန် နိုင်ငံတော်အတွက် အကျိုးရှိမည့်ကိစ္စရပ်များကို ထောက်ခံတင်ပြရမည်ဖြစ်ကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုဥပဒေများ၊ နည်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးကြရန်၊ စီမံခန့်ခွဲရာတွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် လယ်ယာမြေစီမံခန့်ခွဲရာတွင် အဂတိကင်းကင်းနှင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က လယ်ယာမြေများပေါ်တွင် ပြောင်းလဲအသုံးပြုမည့် အကြောင်းအရာများနှင့် ပတ်သက်သည့် လျှောက်ထားလွှာများနှင့် ဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်သူများနှင့် တွေ့ဆုံ

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်သူများနှင့် တွေ့ဆုံခြင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ ဆောင်၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးမောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌေးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အတွင်းရေးမှူး ဦးမြင့်လွင်၊ တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ကြယ်၊ မန္တလေးခုနစ်မြို့နယ်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူနှင့် ကြီးကြပ်အုပ်ချုပ်သူများ တက်ရောက်ကြသည်။



အဆိုပါတွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးမောင်ကိုက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပုဂ္ဂလိကကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများ၏ အခက်အခဲလိုအပ်ချက်များကို သိရှိရန်အတွက် ခေါ်ယူတွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်နှစ်ကျော်ပိတ်ထားခဲ့သည့် တက္ကသိုလ်များကို ယခုလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့အတူ အခြေခံပညာကျောင်းများကိုလည်း ဇွန် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်မားလျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုရာခိုင်နှုန်း နည်းပါးလျက်ရှိသဖြင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိကြောင်း၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားခဲ့သည့် အမျိုးသားပညာရေးမူဝါဒများအတိုင်းသာဖြစ်ကြောင်းကိုလည်း မေ ၆ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၆/၂၀၂၁)တွင်လည်း ဆွေးနွေးမှာကြားခဲ့ပါကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ကျောင်းမတက်ရန် တားဆီးနေမှုများလည်းရှိကြောင်း၊ ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာကြောင်း၊ ထို့ကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်သူများက မိမိတို့၏အခက်အခဲလိုအပ်ချက်များကို ပွင့်လင်းမှန်ကန်စွာတင်ပြပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အတွက်လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် ပညာရေးကဏ္ဍကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များ လမ်းမှားမရောက်စေရန် မိဘ၊ ဆရာများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ပိုင်ကျောင်း၏ လုံခြုံရေးအစီအမံများကို ကြိုတင်ပြင်ဆင်ထားရှိပြီး သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် လုံခြုံရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်သည့် အခက်အခဲများဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရန်ကိစ္စရပ်များကိုလည်းကောင်း၊ အဖွဲ့(၄) ဦးသိန်းဌေးက အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များဖွင့်လှစ်ပြီးဖြစ်သည့်အပြင် အခြေခံကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်ရာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ အဖွဲ့ဝင်(၃)ဦးမျိုးအောင်က ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများသည် ပညာရေးကဏ္ဍတွင်အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်မှု အခြေအနေများကိုလည်းကောင်း အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်သူများက ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများဖွင့်လှစ်ရာတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ငွေရေးကြေးရေးအခက်အခဲများ၊ မြေငှားဆိုင်ရာ အခက်အခဲများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဖွင့်လှစ်သင်ကြားမည့် အစီအမံများကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုက တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်၍ရသည်များကို ချက်ချင်းဆောင်ရွက်ပေးခဲ့ပြီး တင်ပြချက်များအပေါ် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်သူများနှင့် တွေ့ဆုံခြင်းအစည်းအဝေးသို့ တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၆ မှ

လက်ရှိအခြေအနေမှာတော့ လူမှုကွန်ရက်ကို အသုံးပြုပြီး သတင်းတု သတင်းယောင်တွေနဲ့ ဝါဒဖြန့်ချိပြီး ပြည်သူလူထုကို သွေးကွဲစေနေတာတော့ အမှန်ပါပဲ။ ဝါဒဖြန့်ချိတယ်ဆိုရာမှာ အောင်မြင်တဲ့ဝါဒဖြန့်ချိတာဖြစ်ဖို့နဲ့ အပြုသဘောဝါဒဖြန့်ချိတာဖြစ်ဖို့ အမှန်တရားကို အခြေခံဖို့လိုပါတယ်။ မှန်ကန်တဲ့အချက်အလက်တွေ၊ သတင်းတွေကို ရွေးထုတ်ဝါဒဖြန့်မှသာ ရေရှည်မှာ အောင်မြင်ပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ မမှန်ကန်တဲ့ သတင်းတွေ၊ မမှန်ကန်တဲ့ အချက်အလက်တွေ ဒါမှမဟုတ် အမှန်နဲ့ အမှား ရောထားတဲ့သတင်းတွေကို အသုံးပြုပြီး လိမ်ညာဝါဒဖြန့်မယ်ဆိုရင် ယုံကြည်မှုကျဆင်းပြီး ရေရှည်မှာ ကျဆုံးနိုင်သလို ဘေးထွက်ဆိုးကျိုးလည်း များပါလိမ့်မယ်။

**ချင့်ချိန်လက်ခံရန်လို**

**ဝါဒဖြန့်ချိရာမှာ ပစ်မှတ်ဖြစ်တဲ့ လက်ခံသူရဲ့ ချင့်ချိန်လက်ခံနိုင်စွမ်းကလည်း များစွာအရေးကြီးပါတယ်။ ဝါဒဖြန့်နေတဲ့ အချက်အလက်တွေ၊ သတင်းတွေက မှန်သလား၊ မှားသလား၊ သတင်းရင်းမြစ်ရဲ့ ယုံကြည်ရမှုအဆင့်အတန်း၊ ပွင့်လင်းမြင်သာမှုတွေကို လက်ခံသူက ဆန်းစစ်အကဲဖြတ်နိုင်ဖို့လိုပါတယ်။ မှန်ကန်တဲ့သတင်းတွေဆိုရင် အကျိုးရှိနိုင်ပေမယ့် မမှန်ကန်တဲ့သတင်းတွေကို ယုံကြည်မိ၊ လက်ခံမိမယ်ဆိုရင် ကိုယ့်ရဲ့အတွေးတွေ၊ ဆုံးဖြတ်ချက်တွေလည်း မှားနိုင်ပါတယ်။**

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလုပ်ငန်းတွေမှာဖြစ်စေ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ သတင်းအချက်အလက်စုဆောင်းရာမှာ မှန်ကန်တဲ့သတင်းအချက်အလက်ရဖို့က ဦးစွာအရေးကြီးပါတယ်။ သတင်းအချက်အလက်မှားရင် သုံးသပ်ချက်မှားမယ်၊ သုံးသပ်ချက်မှားရင် ဆုံးဖြတ်ချက်လည်း မှားသွားပါလိမ့်မယ်။

အထက်မှာဆိုခဲ့သလို သတင်းမှားတွေနဲ့ လှုံ့ဆော်မှုတွေကြောင့် လူထုအတွင်း အချင်းချင်းစိတ်ဝမ်းကွဲနေကြတာကို မြင်တွေ့ရတာတွေဟာ စိတ်မချမ်းမြေ့ဖွယ်ရာပါ။ မှန်ကန်တဲ့သတင်းနဲ့ အချက်အလက်တွေ၊ အများအကျိုးပြုစာတွေကြောင့် လူမှုကွန်ရက်ဟာ ကောင်းကျိုးတွေ ပေးနိုင်ပေမယ့် မမှန်ကန်တဲ့ဝါဒဖြန့်တာတွေကြောင့်လည်း မိမိကိုယ်တိုင်အတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော ဆိုးကျိုးတွေပေးနိုင်တာကို သတိချပ်လက်ခံသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မဲရုံ ၂၀၄ ရုံ | ၂၃၈၀၃၉ | ၂၈၁၉၆၂ | ၃၁၆၄၆ | ၂၄၉၃ | ၂၉၁၄၀ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မဲရုံ ၁၃၄ ရုံ | ၁၇၃၅၇၄ | ၁၂၈၇၅၅ | ၁၈၇၀၁ | ၁၂၂၆ | ၁၆၁၇၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၃၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၇၆၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၆၁၃၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၃၁၅၀၇၊ မြေပြင်လက်ကျန် ၁၂၇၂၁၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၂၆၃၄ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၃၄၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကန့်ဘလူမြို့နယ် | ၂၀၄ | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |
| ၂ | ဝက်လက်မြို့နယ် | ၁၃၄ | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |
| | **စုစုပေါင်း** | **၃၃၈** | **၄၅၇၆၄၃** | **၃၂၆၁၃၆** | **၁၃၁၅၀၇** | **၁၂၇၂၁၅** | **၁၂၆၃၄** | **၈၃၄၂** |

**ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၄၂၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၈၀၂၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ်အပို/ပျောက်ဆုံးများ တွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၄၇၉၂ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၁၅၅၅ ကို တွေ့ရှိရသည်။ မဲရုံအလိုက် ဆန္ဒမဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၅၄၀၅၀ | ၁၇၉၇၇၈ | ၇၄၂၇၂ | ၇၁၀၃၅ | ၄၇၉၂ | ၁၅၅၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၄၈ | ၄၄၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၇၀၂ | | ၉၇၀၂ | ၉၇၀၂ | | |
| | **စုစုပေါင်း** | **၂၆၄၂၀၀** | **၁၈၀၂၂၆** | **၈၃၉၇၄** | **၈၀၇၃၇** | **၄၇၉၂** | **၁၅၅၅** |

၆။ ဖလုံချိုင်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်များ မဲပေးရာ၌ မဲလက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်၊ ရပ်/ကျေးအမည်နှင့် မဲဆန္ဒရှင်လက်မှတ်များ မပါဝင်သော မဲလက်မှတ် ၂၈၄ စောင်အား စိစစ်တွေ့ရှိရပါသည်။ ဘုတ်တောကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများသာရှိပြီး မဲရုံ၌ပေးသော မဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် မဲလက်မှတ်စာအုပ်များ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။ စန္ဒယားကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် ဆန္ဒမဲထုတ်ယူရာ၌ အသုံးပြုသော မဲဆန္ဒရှင်စာရင်းစာအုပ်တွင် လက်မှတ်ထိုးခြင်း/ လက်ဝဲ၊ လက်မ၊ လက်ဗွေနှိပ်ခြင်းမရှိဘဲ အမှန်ခြစ်များသာ တွေ့ရှိရပါသည်။ ညိုပင်ရှိုကျေးရွာအုပ်စု မဲရုံအမှတ်(၂) (ပေါက်တောကျေးရွာ) ကြိုတင်ဆန္ဒမဲပေးသည့် မဲလက်မှတ်စာအုပ်တွင် ဒေါ်အေးချုံအမည်ဖြင့် ဆန္ဒပြုတံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်ကို တွေ့ရှိရပါသည်။ ကြိုတင်မဲကောက်ယူရာတွင် မဲဆန္ဒရှင်၏ဆန္ဒကို မေးမြန်းခြင်းမရှိဘဲ



ကန့်ဘလူမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

ဆန္ဒပြုတံဆိပ်တုံးရိုက်နှိပ်ထားခြင်းဖြင့် မဲမသမာမှုဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဘုတ်တောကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် ကြိုတင်ဆန္ဒမဲလက်မှတ်များသာ တွေ့ရှိရပြီး မဲရုံမဲလက်မှတ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၇။ ကန့်ဘလူမြို့နယ်တွင် မဲရုံ ၂၀၄ ရုံရှိသည့်အနက် မဲရုံ ၂၄ ရုံတွင် အပိုဆန္ဒမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရပြီး မဲရုံ ၄၂ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၈။ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၂) ရပ်ကွက် | ၃ | ၅၄၀၀ | ၃၆၉၆ | ၁၇၀၄ | ၁၇၀၂ | ၂ | |
| ၂ | အမှတ် (၃) ရပ်ကွက် | ၂ | ၅၇၀၀ | ၄၀၇၄ | ၁၆၂၆ | ၁၆၂၆ | | |
| ၃ | အမှတ် (၄) ရပ်ကွက် | ၁ | ၂၀၀၀ | ၁၅၅၃ | ၅၄၇ | ၅၄၇ | | |
| ၄ | ကျောက်ဆည်ကန်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၂၀ | ၂၃၀ | ၂၃၀ | | |
| ၅ | ကျွန်းပင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၉၆၈ | ၈၃၂ | ၆၂၂ | ၂၁၀ | |
| ၆ | ကိုင်းရိုးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၆၉၂ | ၆၀၈ | ၆၀၈ | | |
| ၇ | ချောင်းကန်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၈၆ | ၅၁၄ | ၅၁၄ | | |
| ၈ | ချောင်းရှည်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၄၀၇ | ၉၄၃ | ၈၉၃ | ၅၀ | |
| ၉ | ခအုံးတာကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၈၀၂ | ၇၄၈ | ၇၄၈ | | |
| ၁၀ | ဂါးတာကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၂၃၅ | ၁၂၁၅ | ၁၂၁၅ | | |
| ၁၁ | ငှက်ပျောတိုင်းကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၈၅၈ | ၁၀၄၂ | ၁၀၄၂ | | |
| ၁၂ | ငါးမြောင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၉ | ၁၇၁ | ၁၇၁ | | |
| ၁၃ | စပါယ်နံ့သာကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၄၆၈ | ၁၄၈၂ | ၁၄၃၂ | ၅၀ | |
| ၁၄ | ဆားကျင်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၀၆၂ | ၅၃၈ | ၅၃၈ | | |
| ၁၅ | ဆူးပုတ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၀၇ | ၂၉၃ | ၂၉၃ | | |
| ၁၆ | ဇင်းကျေးရွာအုပ်စု | ၂ | ၅၅၅၀ | ၃၈၁၄ | ၁၇၃၆ | ၁၈၃၆ | | ၁၀၀ |
| ၁၇ | ဇီးကုန်း(မ)ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၈၁ | ၄၆၉ | ၄၆၉ | | |
| ၁၈ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၇ | ၃၃၃ | ၃၃၃ | | |
| ၁၉ | ညိုပင်ရှိုကျေးရွာအုပ်စု | ၄ | ၁၇၀၀ | ၁၁၁၁ | ၅၈၉ | ၅၈၉ | | |
| ၂၀ | ညောင်ဇင်ကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၅၀၁ | ၈၉၉ | ၅၉၉ | ၃၀၀ | |
| ၂၁ | တင်မော်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၃၂ | ၈၁၈ | ၇၆၈ | ၅၀ | |
| ၂၂ | ထနောင်းကိုင်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၀၂ | ၁၄၈ | ၁၄၈ | | |
| ၂၃ | ထန်းတပင်ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၂၆ | ၆၂၄ | ၆၂၄ | | |
| ၂၄ | ထန်းတောကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၀၆ | ၂၉၄ | ၂၉၄ | | |
| ၂၅ | ထိန်တောကျေးရွာအုပ်စု | ၃ | ၄၅၅၀ | ၃၅၄၁ | ၁၀၀၉ | ၈၇၉ | ၁၃၀ | |
| ၂၆ | နဂါးပေါ်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၄၂ | ၃၀၈ | ၃၀၈ | | |
| ၂၇ | နတ်ပေးကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၀၀ | ၉၀၀ | ၉၀၀ | | |
| ၂၈ | ပင့်သာကြီးကျေးရွာအုပ်စု | ၃ | ၃၇၀၀ | ၂၄၃၇ | ၁၂၆၃ | ၁၂၆၃ | | |
| ၂၉ | ပဇီကြီးကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၀၅၄ | ၈၉၆ | ၈၄၆ | ၅၀ | |
| ၃၀ | ပုပ်ပါးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၂၀၃၈ | ၃၁၂ | ၄၆၂ | | ၁၅၀ |
| ၃၁ | ဖုတ်ကုန်းကျေးရွာအုပ်စု | ၃ | ၄၇၅၀ | ၂၉၆၁ | ၁၇၈၉ | ၁၄၃၉ | ၃၅၀ | |
| ၃၂ | ဘူးကုန်းကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၃၀၃၁ | ၁၇၆၉ | ၁၇၆၉ | | |
| ၃၃ | မယ်ဇတောကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၃၄ | ၅၆၆ | ၅၆၆ | | |

စာမျက်နှာ ၁၉ သို့ »»

»»» စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃၄ | မြေမွန်ကျေးရွာအုပ်စု | ၄ | ၆၂၅၀ | ၄၁၃၄ | ၂၁၁၆ | ၁၉၁၆ | ၂၀၀ | |
| ၃၅ | မြောက်ပေကုန်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၂၂ | ၂၇၈ | ၂၂၈ | ၅၀ | |
| ၃၆ | မလယ်ကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၇၂၃ | ၁၁၂၇ | ၁၁၂၇ | | |
| ၃၇ | မဲသည်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၉၄၅ | ၆၅၅ | ၆၅၅ | | |
| ၃၈ | ရသားကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၇၃ | ၃၂၇ | ၃၇၇ | | ၅၀ |
| ၃၉ | ရေရှင်ကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၀၂၇ | ၁၀၇၃ | ၁၀၈၃ | | ၁၀ |
| ၄၀ | သပြေသာကျေးရွာအုပ်စု | ၃ | ၄၀၅၀ | ၃၂၃၂ | ၈၁၈ | ၁၀၁၈ | | ၂၀၀ |
| ၄၁ | လွဲဆိပ်ကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၂၁၂၆ | ၁၃၂၄ | ၁၃၂၄ | | |
| ၄၂ | သရက်ကံကြီးကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၂၁ | ၅၇၉ | ၅၇၉ | | |
| ၄၃ | သလဲဦးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၅ | ၂၃၅ | ၂၃၅ | | |
| ၄၄ | သောဏ္ဍန်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၂၀ | ၅၈၀ | ၇၈၀ | | ၂၀၀ |
| ၄၅ | ဟင်သော်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၃ | ၂၄၇ | ၂၄၇ | | |
| ၄၆ | အင်းမကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၀၃၆ | ၈၆၄ | ၈၆၄ | | |
| ၄၇ | အင်းလယ်ကြီးကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၂၁၇၈ | ၅၂၂ | ၅၂၂ | | |
| ၄၈ | အမှတ် (၁) ရပ်ကွက် | ၁ | ၃၀၀၀ | ၂၁၃၆ | ၈၆၄ | ၈၆၄ | | |
| ၄၉ | အမှတ် (၅) ရပ်ကွက် | ၂ | ၃၅၅၀ | ၂၅၆၂ | ၉၈၈ | ၉၈၈ | | |
| ၅၀ | ချမ်းအေးသာယာရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၈၀၀ | ၁၄၈၉ | ၃၁၁ | ၃၁၁ | | |
| ၅၁ | နဂါးပေါ်ရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၃၅၀ | ၁၀၉၉ | ၂၅၁ | ၂၀၁ | ၅၀ | |
| ၅၂ | ရန်ကြီးအောင်ရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၉၀၀ | ၁၄၈၄ | ၄၁၆ | ၄၁၆ | | |
| ၅၃ | ရန်နိုင်အေးရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၁၄၅၀ | ၁၀၉၈ | ၃၅၂ | ၃၅၂ | | |
| ၅၄ | လက်ဆည်ရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၈၅၀ | ၆၉၄ | ၁၅၆ | ၁၅၆ | | |
| ၅၅ | အောင်သိဒ္ဓိရပ်ကွက်(ဇီးကုန်းမြို့) | ၁ | ၂၃၅၀ | ၁၉၁၁ | ၄၃၉ | ၄၃၉ | | |
| ၅၆ | ကံကြီးကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၈၂၁ | ၇၇၉ | ၁၁၇၉ | | ၄၀၀ |
| ၅၇ | ကမ်းဖြူကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၂၃ | ၃၇၇ | ၃၇၇ | | |
| ၅၈ | ကျခပ်အိုက်ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၅၆ | ၂၉၄ | ၂၉၄ | | |
| ၅၉ | ကျီကုန်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၇၀ | ၄၈၀ | ၄၃၀ | ၅၀ | |
| ၆၀ | ကျီစုကျေးရွာအုပ်စု | ၁ | ၂၈၀၀ | ၂၃၄၈ | ၄၅၂ | ၄၅၂ | | |
| ၆၁ | ကြိုးကြာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၈၆ | ၅၆၄ | ၅၆၄ | | |
| ၆၂ | ကာဘိုးကျေးရွာအုပ်စု | ၃ | ၄၆၅၀ | ၃၀၁၉ | ၁၆၃၁ | ၁၅၈၁ | ၅၀ | |
| ၆၃ | ကိုးတောင်ဘို့ကျေးရွာအုပ်စု | ၆ | ၅၆၀၀ | ၃၈၀၉ | ၁၇၉၁ | ၁၇၈၁ | ၁၀ | |
| ၆၄ | ခတောက်ရင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၈၈ | ၆၆၂ | ၆၆၂ | | |
| ၆၅ | ချင်မြစ်ကျင်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၇၈ | ၄၇၂ | ၄၂၇ | ၄၅ | |
| ၆၆ | ချပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၂၉ | ၄၇၁ | ၄၇၁ | | |
| ၆၇ | ချပ်သင်းကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၅၁၁ | ၁၅၈၉ | ၁၆၈၄ | | ၉၅ |
| ၆၈ | ခေါ်သန္တီကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၃၈ | ၂၆၂ | ၂၆၂ | | |
| ၆၉ | ငါးရာနဲကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၁၈၄ | ၇၁၆ | ၆၆၆ | ၅၀ | |
| ၇၀ | စန္ဒယားကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၆၆၈ | ၈၃၂ | ၈၃၂ | | |
| ၇၁ | ဆီဆုံကြီးကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၂၈ | ၅၇၂ | ၄၂၂ | ၁၅၀ | |
| ၇၂ | ဇီးကနားကျေးရွာအုပ်စု | ၄ | ၄၃၅၀ | ၃၂၆၅ | ၁၀၈၅ | ၁၀၄၅ | ၄၀ | |
| ၇၃ | ညောင်ကန်သာကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၄၆၄ | ၅၈၆ | ၅၃၁ | ၅၅ | |
| ၇၄ | ညောင်ကုန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၉၉ | ၄၅၁ | ၄၅၁ | | |
| ၇၅ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၃၈ | ၂၆၂ | ၂၆၂ | | |
| ၇၆ | ညောင်ပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၉၆ | ၂၅၄ | ၂၅၄ | | |
| ၇၇ | တင်ငုတ်ကြီးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၇၀ | ၂၃၀ | ၂၃၀ | | |
| ၇၈ | တည်ပင်ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၃၇၆ | ၈၇၄ | ၈၂၄ | ၅၀ | |
| ၇၉ | တောဏ္ဍရှပ်ကျေးရွာအုပ်စု | ၄ | ၆၆၀၀ | ၄၂၄၇ | ၂၃၅၃ | ၁၃၅၃ | ၁၀၀၀ | |
| ၈၀ | ထန်းကုန်းကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၄၂၅၈ | ၂၁၄၂ | ၂၄၉၂ | | ၃၅၀ |
| ၈၁ | ဒန်းပင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၃၀၂ | ၃၄၈ | ၃၄၈ | | |
| ၈၂ | ပေကုန်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၅၁ | ၄၉၉ | ၄၄၉ | ၅၀ | |
| ၈၃ | ဖလုံချိုင်ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၁၆၁ | ၆၈၉ | ၆၈၉ | | |
| ၈၄ | ဘုတ်တောကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၅၆၀ | ၁၇၉၀ | ၈၄၀ | ၉၅၀ | |
| ၈၅ | ဘူးကြီးကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၅၁၈ | ၇၃၂ | ၆၃၂ | ၁၀၀ | |
| ၈၆ | မြေဒူးကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၃၈၂၆ | ၁၈၂၄ | ၁၃၂၄ | ၅၀၀ | |
| ၈၇ | မိတ်သလင်ကုံးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၇ | ၆၉၃ | ၆၉၃ | | |
| ၈၈ | ရွှက်ကြမ်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၂၀ | ၄၃၀ | ၄၃၀ | | |
| ၈၉ | လိတ္တူကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၃၉၇ | ၉၀၃ | ၈၅၃ | ၅၀ | |
| ၉၀ | ဝက်တိုး(တ)ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၃၈ | ၃၁၂ | ၃၁၂ | | |
| ၉၁ | ဝက်တိုး(မ)ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၃၆ | ၆၁၄ | ၆၁၄ | | |
| ၉၂ | သင်တောကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၂၅၄ | ၉၉၆ | ၈၄၆ | ၁၅၀ | |
| ၉၃ | သင်ပန်းတောကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၁၂၃ | ၈၂၇ | ၈၂၇ | | |
| ၉၄ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၆၉ | ၄၃၁ | ၄၃၁ | | |
| ၉၅ | အုပ်ဖိုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၀၁ | ၂၉၉ | ၂၉၉ | | |
| ၉၆ | အောက်တဲကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၁၈ | ၅၃၂ | ၅၃၂ | | |
| ၉၇ | အောင်ချမ်းသာကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၈၁၅ | ၄၃၅ | ၄၃၅ | | |
| ရပ်/ကျေးချုပ်စုစုပေါင်း | | ၂၀၄ | ၂၅၄၀၅၀ | ၁၇၉၇၇၈ | ၇၄၂၇၂ | ၇၁၀၃၅ | ၄၇၉၂ | ၁၅၅၅ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | | ၄၄၈ | ၄၄၈ | | | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | | ၉၇၀၂ | | ၉၇၀၂ | ၉၇၀၂ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၀၄ | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |



ဝက်လက်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စု၊ မဲရုံပေါင်း ၁၃၄ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၃၄၄၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၅၉၃၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၇၅၃၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၆၄၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၉၁၈၅၀ | ၁၄၅၄၂၂ | ၄၆၄၂၈ | ၄၅၃၇၃ | ၇၈၄၂ | ၆၇၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၈ | ၄၈၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၀၅ | | ၁၁၀၅ | ၁၁၀၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |

၁၀။ ဝက်လက်မြို့နယ် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉ အုပ်စုရှိ မဲရုံ ၁၃၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၇၈၄၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၇၈၇ အပို တွေ့ရှိရပါသည်။ အမည်မသိ ကျေးရွာအုပ်စုများမှ အသုံးမပြုရသေးသည့် သီးခြားလာအပ်သော ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၁၅၇ စောင် စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးခဲ့ရာတွင် ပေါက်ကန်ကျေးရွာအုပ်စု မဲရုံတွင်အသုံးပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း ထိုသို့ ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၂၅ စောင်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ ၎င်းအပြင် စင်းတဝဲကျေးရွာအုပ်စု မဲရုံ၌အသုံးပြုခဲ့သော မဲလက်မှတ်အိတ်များတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်အထုပ်များသာပါရှိပြီး ပြည်သူ့လွှတ်တော်မဲလက်မှတ်အိတ်များ မပါရှိခဲ့သည့်အတွက် စစ်ဆေးခံနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၅၅၀ | ၂၇၆၅ | ၇၈၅ | ၁၀၃၅ | | ၂၅၀ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၂၀၀၀ | ၁၅၄၂ | ၄၅၈ | ၄၅၈ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၃၃၅၀ | ၂၇၁၅ | ၆၃၅ | ၆၃၅ | ၅၀ | ၅၀ |
| ၄ | မင်းသားကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၃၂ | ၂၆၈ | ၂၆၈ | | |
| ၅ | ဖွတ်လှိုင်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၇၀ | ၂၈၀ | ၂၈၀ | | |
| ၆ | ကျီးပင်ကန်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၅၀၃ | ၄၄၇ | ၄၄၇ | | |
| ၇ | ရင်းတောကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၅၁၄ | ၈၃၆ | ၈၃၆ | | |
| ၈ | ခေါ်တောကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၂၉၁ | ၇၅၉ | ၇၅၉ | ၁၀၀ | ၁၀၀ |
| ၉ | ပေါက်ကန်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၂၅၉၃ | -၅၄၃ | ၄၅၇ | | ၁၀၀၀ |
| ၁၀ | ရွာနန်းကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၅၅၄ | ၁၁၉၆ | ၁၁၉၆ | | |

စာမျက်နှာ ၂၀ သို့ »»»

»»» စာမျက်နှာ ၁၉ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၁ | ရုံးပင်ကုန်းကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၄၁၇ | ၁၁၃၃ | ၁၁၃၃ | ၅၀ | ၅၀ |
| ၁၂ | တချမ်းသာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၄၈ | ၅၅၂ | ၃၅၂ | ၂၀၀ | |
| ၁၃ | မကြီးဖြူကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၇၃ | ၅၇၇ | ၅၇၇ | ၁၀၀ | ၁၀၀ |
| ၁၄ | ထန်းကြီးကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၂၄၁ | ၆၅၉ | ၆၅၉ | | |
| ၁၅ | အင်ကြင်းပင်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၇၅ | ၃၂၅ | ၃၂၅ | | |
| ၁၆ | မြင်တော်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၄၂၄ | ၃၇၆ | ၆၂၆ | | ၂၅၀ |
| ၁၇ | သခွတ္တောကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၃၂၃၈ | ၇၆၂ | ၇၆၂ | ၂၀၀ | ၂၀၀ |
| ၁၈ | ကန်ပေါက်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၂၇၇ | ၂၂၃ | ၁၂၃ | ၁၀၀ | |
| ၁၉ | ကူကောင်းကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၁၈၆ | ၁၀၁၄ | ၁၁၇၄ | | ၁၆၀ |
| ၂၀ | အင်ဒေါင်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၀ | ၆၃၀ | ၃၈၀ | ၂၅၀ | |
| ၂၁ | သရိုင်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၉၆ | ၆၀၄ | ၆၀၄ | ၁၀၀ | ၁၀၀ |
| ၂၂ | မင်းကုန်းကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၃၆၉၄ | ၁၉၅၆ | ၁၉၅၆ | | |
| ၂၃ | ညောင်ပင်ကြီးတောကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၆၉၃ | ၅၅၇ | ၅၅၇ | | |
| ၂၄ | ကမ်းဖြူကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၂၀၃ | ၁၀၉၇ | ၁၀၉၇ | ၃၀၀ | ၃၀၀ |
| ၂၅ | မင်းကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၀၆ | ၄၄၄ | ၄၄၄ | | |
| ၂၆ | ရှားကွဲကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၃၀၄၆ | ၆၀၄ | ၈၄၄ | ၁၅၀ | ၃၉၀ |
| ၂၇ | ရှိန်းမကားကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၃၅၄ | ၇၉၆ | ၇၉၆ | ၁၀၀ | ၁၀၀ |
| ၂၈ | စင်းတဝဲကျေးရွာအုပ်စု | ၁ | ၁၁၀၀ | | ၁၁၀၀ | | ၁၁၀၀ | |
| ၂၉ | သစ်ဆိမ့်ကြီးကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၉၅၀ | ၄၀၀ | ၆၀၇ | | ၂၀၇ |
| ၃၀ | သာလိုင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၅၅၀ | | ၃၄၀ | | ၃၄၀ |
| ၃၁ | ရင်းမာကန်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၉၈ | ၄၅၂ | ၄၅၂ | | |
| ၃၂ | ဟလင်းကျေးရွာအုပ်စု | ၄ | ၅၆၅၀ | ၄၄၂၉ | ၁၂၂၁ | ၉၀၂ | ၃၅၀ | ၃၁ |
| ၃၃ | ဘူးဘကန်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၃၂၈၉ | ၆၁၁ | ၈၆၉ | ၂၅၀ | ၅၀၈ |
| ၃၄ | ရုံးသာကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၂၉ | ၃၇၁ | ၃၇၁ | | |
| ၃၅ | အင်းဘဲကြီးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၇၀၀ | ၆၀၀ | ၄၅၀ | ၁၅၀ | |
| ၃၆ | တပ်ကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၂၀၁၀ | ၉၉၀ | ၉၉၀ | | |
| ၃၇ | တနင်းသာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၉၈ | ၃၀၂ | ၃၀၂ | | |
| ၃၈ | မုဆိုးခြံကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၇၆၇ | ၃၈၃ | ၃၈၃ | | |
| ၃၉ | ဆင်းကွတ်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၀၁၆ | ၇၃၄ | ၇၃၂ | ၂ | |
| ၄၀ | တကောင်းထောင့်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၉၈၈ | ၆၁၂ | ၆၁၂ | | |
| ၄၁ | မင်းချီကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၃၁၇၉ | ၇၇၁ | ၇၇၁ | | |
| ၄၂ | လိမ်ပင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၀၄ | ၁၄၆ | ၁၄၆ | | |
| ၄၃ | ပင်းဇင်းကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၃၀၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၄ | ကျွဲဇင်းကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၇၄၀ | ၄၁၀ | ၄၁၀ | | |
| ၄၅ | အုပ်ပုံကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၁၅ | ၃၈၅ | ၃၈၅ | ၁၀၀ | ၁၀၀ |
| ၄၆ | ကျောက်တိုင်ကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၃၀၈၄ | ၅၆၆ | ၅၆၆ | ၅၀ | ၅၀ |
| ၄၇ | ရွှေကျင်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၄၄၄ | ၄၀၆ | ၄၀၆ | | |
| ၄၈ | မကြီးတုံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၈ | ၂၃၂ | ၂၃၂ | | |
| ၄၉ | ရေထွက်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၂၅၈၈ | ၁၃၁၂ | ၁၀၁၂ | ၄၅၀ | ၁၅၀ |
| ၅၀ | မဲကုန်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၂၉၆ | ၆၅၄ | ၆၅၄ | | |
| ၅၁ | သမန်သာကျေးရွာအုပ်စု | ၃ | ၄၈၅၀ | ၄၂၉၂ | ၅၅၈ | ၁၀၂၆ | ၁၅၀ | ၆၁၈ |
| ၅၂ | လှတောကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၂၉၃၉ | ၇၁၁ | ၇၁၁ | | |
| ၅၃ | သနကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၄၄၁ | ၁၀၅၉ | ၄၂၉ | ၆၃၀ | |
| ၅၄ | မောက်ကြိုးကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၄၈၃ | ၄၁၇ | ၄၁၇ | | |
| ၅၅ | စင့်ဘာကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၁၃ | ၂၃၇ | ၂၃၇ | | |
| ၅၆ | စိုင်နိုင်လေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၆၆ | ၄၃၄ | ၁၈၄ | ၂၅၀ | |
| ၅၇ | စိုင်နိုင်ကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၂၅၉ | ၆၉၁ | ၄၉၁ | ၃၅၀ | ၁၅၀ |
| ၅၈ | စွယ်ကွေ့ကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၅၈၁ | ၇၁၉ | ၅၁၉ | ၂၀၀ | |
| ၅၉ | မြင်းသည်ကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၃၁၅၀ | ၈၅၀ | ၈၅၀ | ၅၀ | ၅၀ |
| ၆၀ | အုန်းနဲ့ဘုတ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၈၉ | ၂၆၁ | ၂၆၁ | | |
| ၆၁ | သမရိုးကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၃၆၆၆ | ၉၃၄ | ၆၈၄ | ၂၅၀ | |
| ၆၂ | ရွာသာကြီးကျေးရွာအုပ်စု | ၃ | ၄၁၀၀ | ၃၂၉၈ | ၈၀၂ | ၈၀၂ | | |
| ၆၃ | ကျီးကန်ကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၄၈၅ | ၈၁၅ | ၇၆၅ | ၅၀ | |
| ၆၄ | ပေါက်တောကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၉၄၅ | ၇၀၅ | ၇၀၅ | | |
| ၆၅ | ကျေးသီးကုန်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၂၃ | ၆၂၇ | ၆၂၇ | | |
| ၆၆ | တကောင်းမင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၂၂၂၆ | ၂၂၄ | ၅၀၀ | | ၂၇၆ |
| ၆၇ | သရက်ကြီးကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၄၀၆ | ၇၄၄ | ၇၄၄ | | |
| ၆၈ | မူးကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၀၆ | ၃၄၄ | ၁၄၄ | ၂၀၀ | |
| ၆၉ | ရွှေပန်းကုန်းကျေးရွာအုပ်စု | ၅ | ၆၄၀၀ | ၄၅၈၁ | ၁၈၁၉ | ၁၀၁၉ | ၈၀၀ | |
| ၇၀ | လှတွေကျေးရွာအုပ်စု | ၃ | ၄၉၀၀ | ၃၆၅၆ | ၁၂၄၄ | ၁၀၄၄ | ၂၀၀ | |
| ၇၁ | ဘုရားပြန်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၀၅၈ | ၆၄၂ | ၆၄၂ | ၁၀၀ | ၁၀၀ |
| ၇၂ | ကိုင်းကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၀၅၄ | ၉၉၆ | ၅၃၆ | ၄၆၀ | |
| | ရပ်/ကျေးမှ သီးခြားအပ်နှံ | | | | | ၁၁၅၇ | | ၁၁၅၇ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၃၄ | ၁၉၁၈၅၀ | ၁၄၅၄၂၂ | ၄၆၄၂၈ | ၄၅၃၇၃ | ၇၈၄၂ | ၆၇၈၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၈၈ | ၄၈၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၁၀၅ | | ၁၁၀၅ | ၁၁၀၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၄ | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးတွင် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

ရမည်းသင်း မေ ၁၀

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးဌာနတွင် လျှပ်စစ်ကျွမ်းကျင်မှုလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ခရိုင်လျှပ်စစ်မန်နေဂျာရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာ၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာ၊ ရန်အောင်မြို့နယ် လျှပ်စစ်မန်နေဂျာတို့ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအောင်ဇော်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

သင်တန်းတွင် စာရင်းကိုင်(၄)သင်တန်းသူ ၄၄ ဦးနှင့် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) သင်တန်းသား ၄၇ ဦး စုစုပေါင်း ၉၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

၁၁၄

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ

# COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မေ ၃ ရက်မှ ၇ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၇၅ သန်း ဖြစ်သည်။ မေ ၇ ရက်အထိ ရန်ပုံငွေ စာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၃-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၇၈၆,၄၀၃,၁၁၅.၃၉ |
| (+)၃-၅-၂၀၂၁ မှ ၇-၅-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၇၇၅,၀၀၀.၀၀ |
| ၇-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၀,၇၈၉,၁၇၈,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၃-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၃-၅-၂၀၂၁ မှ ၇-၅-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၇-၅-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund)OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၃-၅-၂၀၂၁ ရက်နေ့မှ ၇-၅-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၃-၅-၂၀၂၁ | ၂,၆၇၅,၀၀၀ |
| ၁ | မိုးမှုန်ကြီးကျော်စိုးဝင်း+ဒေါ်ခင်ညိုညိုမြင့် မိသားစုတို့၏ မင်္ဂလာနှစ်(၄၀)ပြည့်အလှူ (မင်္ဂလာဒုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၂ | ဦးထွန်းထွန်းဝင်း+ဒေါ်နန်းစမ်း ကြယ်စင်မင်းကော်ဖီဆိုင် (မုံရွာမြို့) | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၃ | ဦးစိုးဝင်းအောင်+ဒေါ်ခင်မျိုးမျိုးထွန်း(ပန်းပွင့်ဖြူ P.P.P) မိုးစုနှင့်သားဆက်နှင့် ဆန်ရောင်းဝယ်ရေး (ရွှေဘိုမြို့) | ၃၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၄ | ဒေါ်ကြူကြူမာ ငှက်ပျောသည်ဆိုင် အောင်မင်္ဂလာ (မုံရွာမြို့) | ၇၅,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၅ | ဒေါ်ခင်ဆောင်၊ ဒေါ်ခင်မလွင်၊ ဒေါ်မြမြဝင်း ညီအစ်မ သဉ္ဇာမှုန့်ကုန်စိမ်းရောင်းဝယ်ရေး (မုံရွာမြို့) | ၂၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၆ | ဦးချစ်ပု+ဒေါ်သန်းကြည် သား-ဒေါက်တာစင်မင်းသန့် သန်းဘရာ ဆန်စက် မုံရွာစက်မှုဇုန် | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI) | |
| ၇ | ဦးသိုးဆာ+ဒေါ်ဟောင်ဟောင်ဝင်း ဝင်းသီရိ ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး ဆိပ်ဖွဲ့ရွာ (ရွှေဘိုမြို့) | ၅၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| ၈ | ဦးသွမ်းမိုးထွန်း ရတနာဧကဂေါင် ဆန်စက် မြင်းစီးကျေးရွာ (ရွှေဘိုမြို့) | ၁၀၀,၀၀၀ |
| | စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) | |
| | ၆-၅-၂၀၂၁ | ၁၀၀,၀၀၀ |
| ၁ | ဦးသက်နိုး (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| | (၃-၅-၂၀၂၁ ရက်နေ့မှ ၇-၅-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၇၇၅,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ

# မေ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၀ – ၅ – ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၉-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၉၁,၉၀၅)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၆၃) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၄၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၄၇၆၉၉၅ | ၂၆၄၃၉၇၁၂ | ၅၉၅၈၁၂ |
| ၂။ | အိန္ဒိယ | ၂၂၆၆၂၅၇၅ | ၁၈၆၇၁၂၂၂ | ၂၄၆၁၄၆ |
| ၃။ | ဘရာဇီး | ၁၅၁၈၄၇၉၀ | ၁၃၇၁၄၁၃၅ | ၄၂၂၄၁၈ |
| ၄။ | ပြင်သစ် | ၅၇၇၇၀၈၇ | ၄၈၇၄၁၀၃ | ၁၀၆၃၉၂ |
| ၅။ | တူရကီ | ၅၀၃၁၃၃၂ | ၄၇၁၆၉၁၈ | ၄၃၀၂၉ |
| ၆။ | ရုရှား | ၄၈၈၈၇၂၇ | ၄၅၀၂၉၀၆ | ၁၁၃၆၄၇ |
| ၇။ | ဗြိတိန် | ၄၄၃၄၈၆၀ | ၄၂၄၈၂၁၁ | ၁၂၇၆၀၅ |
| ၈။ | အီတလီ | ၄၁၁၁၂၁၀ | ၃၆၀၄၅၂၃ | ၁၂၂၈၃၃ |
| ၉။ | စပိန် | ၃၅၆၇၄၀၈ | ၃၂၄၈၀၁၀ | ၇၈၇၉၂ |
| ၁၀။ | ဂျာမနီ | ၃၅၂၇၅၄၀ | ၃၁၇၅၆၀၀ | ၈၅၃၇၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၁၈၅၇၅ | ၁၅၇၄၆၁၅ | ၄၇၂၁၈ |
| ၂။ | ဖိလစ်ပိုင် | ၁၁၀၈၈၂၆ | ၁၀၃၀၃၆၇ | ၁၈၅၆၂ |
| ၃။ | မလေးရှား | ၄၄၄၄၈၄ | ၄၀၅၃၈၈ | ၁၇၀၀ |
| ၄။ | မြန်မာ | ၁၄၂၉၆၃ | ၁၃၂၀၄၅ | ၃၂၁၀ |
| ၅။ | ထိုင်း | ၈၅၀၀၅ | ၅၅၂၀၈ | ၄၂၁ |
| ၆။ | စင်ကာပူ | ၆၁၃၇၈ | ၆၀၉၃၃ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၉၇၄၃ | ၇၈၂၀ | ၁၂၆ |
| ၈။ | ဗီယက်နမ် | ၃၄၄၈ | ၂၆၀၂ | ၃၅ |
| ၉။ | လာအို | ၁၃၂၇ | ၂၃၈ | ၁ |
| ၁၀။ | ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအားလည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၌ လည်းကောင်း၊ ည ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်ရှိ မြို့နယ်စည်ပင်ရုံးအားလည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် ဘုရင့်နောင်(၆)လမ်းရှိ “အင်ကြင်းမြိုင်ဆည်းဆာ” စားသောက်ဆိုင် ခြံစည်းရိုးအနီးအားလည်းကောင်း၊ ည ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄) ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံအားလည်းကောင်း။

ည ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် မင်္ဂလာကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း၊ ည ၁၀ နာရီခွဲ၌ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အောင်ဆုပန်ရပ်ကွက် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်အားလည်းကောင်း၊ ည ၁၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ မြောက်ပိုင်းရပ်ကွက်နေ ဦးလှဝင်း(၆၂)နှစ် (ဘ)ဦးကျော်မြ၏ နေအိမ်အားလည်းကောင်း၊ မေ ၁၀ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ပုလဲလမ်း မြို့နယ်စည်ပင်ရုံးအနီးအားလည်းကောင်း၊ နံနက် ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြောက်စည်းနယ်မြေရဲစခန်းအားလည်းကောင်း၊ နံနက် ၄ နာရီခွဲတွင် ရေဦးမြို့ အောင်ဆန်းတိုးချဲ့ရပ်ကွက် လမ်းသွယ်လမ်းနေ ဦးစိုးတင့်အောင် (၆၄)နှစ် (ဘ)ဦးအောင်ဝ၏ နေအိမ်အနောက်ဘက် ခြံစည်းရိုးအနီးအားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၄) ရပ်ကွက် ပင်လုံလမ်းမနှင့် ဦးဝိစာရလမ်းကြားရှိ ယာဉ်ထိန်းမီးအချက်ပြရုံအတွင်းအား လည်းကောင်း၊ ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေးခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးအားလည်းကောင်း အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အဆောက်အအုံများအနည်းငယ် ထိမှန်ပျက်စီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပေါက်ကွဲမှုဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူ လေးဦး အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။



စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လက်လုပ်မိုင်း တစ်လုံး ပစ်ပေါက်မှုကို တွေ့ရစဉ်။

မေ ၉ ရက် ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲဘော်လေးကျေးရွာနေ ဦးရွှေဘ(၅၁)နှစ် နေအိမ်ခြံဝင်းအတွင်း၌ လည်းကောင်း၊ ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ မိုးကောင်းဘုရားအရှေ့ဘက် “သော်တာစန်းလက်” ထမင်းဆိုင်ရှေ့၌လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ ကန္တရဝတီလမ်းမကြီးရှိ တောင်ကွဲစေတီ၏ မုခ်ဦးတံခါးမကြီးအနီး၌လည်းကောင်း အကြမ်းဖက်သူများထောင်ထားသည့် လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများအား တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးသိမ်းဆည်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကောင်းရွေးကျေးရွာရှိ နေအိမ် တစ်လုံးအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၆ လုံး၊ ယမ်းမှုန့် တစ်ဘူး၊ ပေ ၂၀ ခန့်ရှိ နီနက်ရောင် ဝိုင်ယာကြိုးခွေ နှစ်ခွေ၊ ကန့်အခဲ တစ်ထုပ်၊ ယမ်းစိမ်းမှုန့် တစ်ထုပ်၊ မျက်နှာဖုံးခေါင်းစွပ် တစ်ခု၊ စကားပြောစက်အားသွင်းခုံ လေးခုနှင့် အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ညနေ ၄ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကိုးသောင်းရှမ်းစုရပ်ကွက်နေ သက်အောင် (ခ)ရှမ်းလေး (ခ)သန့်ဇင်အောင်(၂၇)နှစ် (ဘ) ဦးတင်အောင်နိုင်၏ နေအိမ်အနောက်ဘက် ချုံအတွင်းမှ အရှည် တစ်ပေခွဲခန့်ရှိယမ်းကြိုး အချောင်း ၁၀၀၊ ဘက်ထရီခြောက် ငါးလုံး၊ ဖိုက်ဘာဦးထုပ်မျိုးစုံ ၅၇ လုံး၊ မီးရှူးမီးပန်း သုံးခု၊ လက်အိတ် သုံးခု၊ ရောင်ပြန်အင်္ကျီ နှစ်ထည်နှင့် နိုင်ငံတော်ဆန့်ကျင်ရေး စာသားများပါ ဆိုင်းဘုတ် ခုနစ်ခုနှင့်အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း။

ည ၉ နာရီခွဲတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းအိမ်ရာ တိုက် (၄)၊ (၅)လွှာရှိ တိုက်ခန်းအတွင်းမှ ညီညီအောင်(၂၁)နှစ် (ဘ)ဦးမင်းဇော်ပါ အမျိုးသား ခုနစ်ဦးနှင့်အတူ M 67 စာတန်းပါ အမျိုးအစား(စိစစ်ဆဲ) ဗုံး တစ်လုံး၊ ဖန်ဂေါ်လီ အလုံး၂၀၊ သံဘောစေ့ အလုံး ၅၀၊ မျက်နှာဖုံး တစ်ခု၊ ဖုန်းမျိုးစုံ ခုနစ်လုံး၊ ဒူးကာ/တံတောင်ကာ တစ်စုံ၊ စက်ဘီး သုံးစီး၊ လက်ပ်တော့ တစ်လုံးတို့အား လည်းကောင်း။

မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာအုပ်စု သရက်ချောင်းကျေးရွာနေ ရဲလေး(ခ)ဇော်ထိုက် (၄၈) နှစ်(ဘ)ဦးလွင်အောင်၏ ရော်ဘာခြံအတွင်းမှ ရဲလေး(ခ) ကျောက်တိုက်ပါ အမျိုးသား နှစ်ဦးတို့အား ပွိုင့် 22 သေနတ် တစ်လက်၊ ၎င်းကျည် ၁၁၈ တောင့်၊ လေသေနတ် တစ်လက်၊ အရှည် လေးလက်မခွဲ၊ အချင်း နှစ်လက်မခန့်ရှိ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၃၅ လုံး၊ အရှည် နှစ်လက်မ၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၅၅ လုံး၊ Win Wheel စာတန်းပါ တစ်ထုပ်လျှင် သံဘောစေ့ ၁၄၅ လုံးပါ အထုပ် လေးထုပ်၊ သံဘောစေ့အလုံး ၁၀၀ ပါအထုပ် တစ်ထုပ်၊ မြောက်အိုး ၁၀ လုံးပါ အထုပ် တစ်ထုပ်၊ လေးခွ နှစ်လက်၊ ဂျင်ကလိ ၂၄ ချောင်း၊ ကျောက်မီးသွေး နှစ်ပိဿာခန့်၊ ယမ်းမှုန့် ၄၀ ကျပ်သားခန့်၊ လက်လုပ်မိုင်းများပြုလုပ်ရန်အတွက် ပိုင်းဖြတ်ထားသော ကော်ပိုက် အပိုင်း အခု ၅၀၊ သံပိုက်အပိုင်း ၁၄ ခု၊ ပိုက်ခေါင်းမျိုးစုံ ၉၇ ခု၊ တစ်လက်မခန့်ရှိ သံချောင်းဖြတ်စ တစ်ပိဿာခွဲ၊ မူလီဆိုဒ်စုံ ၆၅ ခု၊ ခဲသီး နှစ်ပိဿာခန့်၊ ဆိုင်ကယ်ချိန်းကြိုး ဖြတ်တောက်ထားသည့် အဆစ် အခု ၇၀၊ ဓာတ်မြေသြဇာ ၂၀ ကျပ်သား၊ ဓာတ်ခဲ လေးလုံး၊ ယမ်းကြိုး အချောင်း ၃၀၊ အဝါရောင် Cutter တစ်ခု၊ သတ္တုဖျူ့စ် ၁၅ ခု၊ အနီရောင်နှင့် အနက်ရောင် နှစ်ပင်လိမ်မီးကြိုးခွေ နှစ်ခွေ၊ သံပိုက်နှင့် ကော်ပိုက်များအား ပြုပြင်ရန် ဖောက်စက်၊ ဖြတ်စက်များ၊ ကော်ဘူးများနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ (၂) လမ်းရှိ တိုက်အမှတ်(၃၄၄/A) (ပ)ထပ် နေအိမ်အခန်းအတွင်းမှ လက်ပစ်ဗုံး တစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော စနက်တံပါ လက်လုပ်ဗုံး သုံးလုံး၊ ရွှေရောင် စတီးလက်လုပ်ဗုံး သုံးလုံး၊ ပိုတက်ဆီယမ် တစ်အိတ်၊ ကော်မျက်နှာဖုံး ၂၈ ခုနှင့် အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



အလုံမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ အမျိုးသား ခုနစ်ဦးအား ဖမ်းဆီးရမိစဉ်။

အထက်ပါ ဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# KIA အဖွဲ့က မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မေ ၁၀**

KIA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်းမရှိသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းနှင့် တံတားများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် ည ၇ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွာမရပ်ကွက်နေ ဦးမောင်တာ(ဘ) ဦးသီး၏နေအိမ်သို့ KIA အဖွဲ့မှ အင်အား လေးဦးခန့်က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ နေအိမ်ခြံစည်းရိုးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်းသိရပြီး အဆိုပါပစ်ခတ်မှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် ဘူတာစုရပ်ကွက်နေ ဦးတင်ဇော်ယု (ဘ)ဦးယုလွင်၏ နေအိမ်သို့လည်းကောင်း၊ ည ၈ နာရီခန့်တွင် မော်ဟန်ကျေးရွာရှိဦးညွန့်မောင်၏ ဈေးဆိုင်အတွင်းသို့လည်းကောင်း KIA အဖွဲ့များ ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးတင်ဇော်ယုနှင့် ဦးညွန့်မောင်တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကာ သေဆုံးခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သံတောင်မြို့နယ်၌ ငွေကျပ် ၁၀ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ငွေကျပ် ၁၀ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် ညနေ ၅ နာရီခွဲတွင် သံတောင်ကြီးမြို့နယ် တောင်ငူ – လွိုင်ကော်သွားကားလမ်း လိပ်သိုမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လွိုင်ကော်မှ တောင်ငူသို့ စိုးမြင့်ထွေးမောင်းနှင်ပြီး အိုင်ဘောစကို လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ၁၀ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



စိုးမြင့်ထွေး၊ အိုင်ဘောစကိုတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




# သဃ်န်းကျွန်း မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေကျပ် သိန်းနှစ်ထောင်ကျော် ပျောက်ဆုံး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(သဃ်န်းကျွန်း)၌ မေ ၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ငွေကျပ် သိန်းနှစ်ထောင်ကျော်ခန့် ခိုးယူခံခဲ့ရသဖြင့် တာဝန်ရှိသူများက ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် သဃ်န်းကျွန်းမြို့မ ရဲစခန်း (ပ)၁၂၅/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ–၄၅၇/၄၅၈ အမှုမှ တရားခံ ပြည့်စုံအောင်(ခ)ပြည့်စုံ ဘဏ်လုံခြုံရေး အင်းစိန်မြို့နယ်နေသူ၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အတူပူးပေါင်းပါဝင်သူ သက်ထွန်းနိုင်(ခ)ရွှေသွား ဘဏ်လုံခြုံရေး အင်းစိန်မြို့နယ်နေသူသည် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အမှတ်(၃)လမ်းမကြီးဘေး မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း ရောက်ရှိနေကြောင်း သိရသဖြင့် တာဝန်ရှိသူများက ဝင်ရောက်ဖမ်းဆီးရာ သက်ထွန်းနိုင်(ခ)ရွှေသွားအား သက်သေခံပစ္စည်း သိန်း၂၃၀၀ ထည့်ထားသည့် ကတ်ထူစက္ကူပုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံအား ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)

# တပ်မတော်သားများ၏ ဂုဏ်သရေညှိုးနွမ်းအောင် မဟုတ်မမှန်စွပ်စွဲသတင်းဖြန့်သူအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရာဇဓရာဇ်လမ်းနှင့် ကုန်သည်လမ်းပေါ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ငွေကြေး လိမ်လည်ယူဆောင်သွားသည်ဟု မဟုတ်မမှန်စွပ်စွဲ ပုတ်ခတ် သတင်းဖြန့်ဝေသူကို ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နိုင်လင်းအောင်(ဘ)ဦးတင့်လွင်သည် ၎င်းစီးနင်းလာသည့် Light Truck အမျိုးအစား မော်တော်ယာဉ်ပေါ်မှ ငွေကျပ် ၂၅ သိန်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားသည်ဟု ၎င်း၏ အစ်မဖြစ်သူ မနီနီနွယ်နှင့် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်သန်းတို့ကို လိမ်လည်ပြောဆိုခဲ့ကြောင်း၊ ထိုသို့ လိမ်လည် ပြောဆိုမှုကြောင့် အစ်မဖြစ်သူက ပြန်လည်ရယူလိုမှုဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ကြောင်း သိရသဖြင့် တာဝန်ရှိသူများက ဖြစ်စဉ်မှန်ကို စိစစ်ခဲ့ရာ နိုင်လင်းအောင်သည် ငွေကျပ် ၂၅ သိန်းအား ၎င်း၏ရည်းစားဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄)တိုးချဲ့ရပ်ကွက် ကျောင်း(၂)လမ်းနေ မအေးအေးသန်း(ဘ)ဦးစံအေးကို ပေးအပ်ခဲ့ကြောင်း၊ မအေးအေးသန်းက အဆိုပါ ငွေကျပ် ၂၅ သိန်းထဲမှ ငွေကျပ်သိန်း ၂၀ ကို ၎င်းအလုပ်လုပ်ကိုင်ခဲ့သည့် Tokyo Auto Service ၏ အလုပ်ရှင်ဖြစ်သူ ဦးရဲထွဋ်ထံသို့ ပေးဆပ်ရန်ကျန်သည့် အကြွေးအား ပေးဆပ်ခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် တပ်မတော်သားများ၏ ဂုဏ်သရေညှိုးနွမ်းအောင် မမှန်မကန်စွပ်စွဲ သတင်းဖြန့်ဝေခဲ့သော နိုင်လင်းအောင်ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅–က ဖြင့် ဗိုလ်တထောင် မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နိုင်လင်းအောင်

သတင်းစဉ်

# မြန်အောင်မြို့၌ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**မြန်အောင် မေ ၁၀**

မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက်၌ ယနေ့ နံနက် ၀၀:၂၀ နာရီက ခြင်ဆေးခွေမီးမှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသပိုင်မီးသတ်အဖွဲ့၊ ပါရမီလူမှုကူညီရေးအသင်းနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၀၀:၄၀ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ ခြင်ဆေးခွေထွန်း၍ အိပ်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ သုံးပင်အိမ်နှင့် နှစ်ထပ် လေးပင်အိမ်တို့ မီးလောင်ကျွမ်းကာ လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ခြင်ဆေးခွေမီးအား ပေါ့ဆစွာသုံးစွဲခဲ့သူအား မြန်အောင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဆူပူအကြမ်းဖက်သူများက မီးကွင်းပစ်၍ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဆူပူအကြမ်းဖက်သူများက မီးကွင်းပစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၂ နာရီ မိနစ် ၂၀တွင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူ (စိစစ်ဆဲ)က မီးကွင်းပစ်ခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါရုံးအနီးဝန်းကျင်ရှိ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့၍ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံးအတွင်းရှိ ရွှေးကောက်ပွဲသုံး ပလတ်စတစ်မဲပုံးအလွတ် ၂၅ လုံးနှင့် ရုံးဘေးအဖီအမိုးများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။


အဆိုပါရုံးအား မီးကွင်းပစ်မီးရှို့ခဲ့သည့် အကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်မြင်းလှန်နေရာတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း




















## ဦးဇေယံထွန်း(ခ)ဘိုဘိုနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်(၄)လမ်း၊ အမှတ်(၇၅)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဦး(ခ)ချယ်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇေယံထွန်း(၉/မမသ(နိုင်)၁၀၄၄၁၁၃) နှင့် အများသိစေရန်ကြေညာအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဦး(ခ)ချယ်ရီနှင့် ဦးဇေယံထွန်း(ခ)ဘိုဘိုတို့သည် ၂၀၁၁ ခုနှစ်တွင် နေ့ကာလဟိုမြို့တွင်ခဲ့ကြပြီးနောက် ဒေါ်သန္တာဦး(ခ)ချယ်ရီ၏ငွေဖြင့်ပင် ဦးဇေယံထွန်း(ခ)ဘိုဘို၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့စီးပွားရေးလုပ်ကိုင်ခြင်းဖြင့် လိုင်းအမှတ် YBS(၇၇) အမှတ်တိုင်ကားများဖြစ်သော (YGN-1G/1456) (YGN-6J/3179) (YGN-7J/9713) (YGN-1N/3924) (၄)စီးနှင့် ကုန်တင်ကား များဖြစ်သော (4L/1862) (BGO-9P/7005) (YGN-9A/6308) နှင့် (MDY-4A/6573) စသည့် ကား စုစုပေါင်း(၈)စီးအား ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်းညွှန်ကြားချက်များအရ သိရှိရပါသည်။

ဖော်ပြပါကား(၈)စီးနှင့် ပတ်သက်၍ ဦးဇေယံထွန်း(ခ)ဘိုဘိုမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဦး(ခ)ချယ်ရီအား (၇-၁၂-၂၀၁၉)ရက်စွဲပါ "နှစ်ဦးသဘောတူ ကားလွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်" နှင့် (၁၂-၁၂-၂၀၁၉)ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာကိုပြုလုပ်ကာ ဒေါ်သန္တာဦး(ခ)ချယ်ရီထံသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါသည်။

ဦးဇေယံထွန်း(ခ)ဘိုဘိုအနေဖြင့် ၎င်း၏လုပ်ငန်းဆောင်ရွက်ရေးများကြောင့် ၎င်း၏သဘောဆန္ဒအလျောက် ခေတ္တအိမ်မှ ဆင်းသွားသည်မှာ (၁)နှစ်နီးပါးရှိပြီဖြစ်သော်လည်း (၅-၅-၂၀၂၁)နံနက် (၄/၅)နာရီခန့်တွင် အင်းစိန်မြို့နယ်၊ အမှတ်(၃)ကျောင်းရပ်ကွက်တွင် ရပ်ထားသော ဒေါ်သန္တာဦး(ခ)ချယ်ရီ ပိုင်ဆိုင်သော လိုင်းအမှတ် YBS (၇၇)ဖြစ်သော (YGN-6J/3179) နှင့် (YGN-7J/9713) ကားနှစ်စီးအား သော့မိတ္တူများသုံးကာ မောင်းယူသွားကြောင်း ညွှန်ကြားချက်များအရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးဇေယံထွန်း(ခ)ဘိုဘိုအနေဖြင့် အထက်ပါ လိုင်းအမှတ် YBS (၇၇) ယာဉ်အမှတ် (YGN-6J/3179)နှင့် (YGN-7J/9713)ကားနှစ်စီးအား ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဦး(ခ)ချယ်ရီထံသို့ ရောက်အပ်နှံရန်နှင့် အထိုပါကားနှစ်စီးနှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ လိုက်နာဆောင်ရွက်မှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဦးဇေယံထွန်း(ခ)ဘိုဘို နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
ဒေါ်သန္တာဦး(ခ)ချယ်ရီ

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးမျိုးကျော်ကျော်ဦး (LL.B) (စဉ်-၄၈၂၀၀)
**(အထက်တန်းရှေ့နေ)**
အခန်း(၃)၊ သုခနေလမ်းနှင့် မြစ်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊
သာကေတမြို့နယ်၊ သာကေတမြို့နယ်တရားရုံးအနီး။
ဖုန်း - ၀၉ ၉၇၀၀၇၂၉၀၀၊ ၀၉ ၄၄၀၀၂၉၀၀၃

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်အေးမြင့်[၇/ပခန(နိုင်)၀၆၀၇၆၇]သို့ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၆၅၆)၊ ၁၃-၅-၂၀၁၆ ရက်စွဲဖြင့် ခွဲတပ်ကြပ်ကြီးဝင်းနိုင်[၁၂/မရက(နိုင်)၁၃၀၂၈၂]မှ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁၀-၅-၂၀၂၁ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်အေးမြင့်**
**[၇/ပခန(နိုင်)၀၆၀၇၆၇]**
**Ph-09450704820**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမျိုးဝင်း-ဒေါ်သက်မာမြင့်၏သား မောင်ကျော်စွာသိန်းသည် မိဘဆိုဆုံးမမှုကိုမနာခံပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမျိုးဝင်း[၁၂/မဂဒ(နိုင်)၀၂၂၇၆၀]**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(ဘီ-၅)၊ အခန်းအမှတ်(၄၀၃)၊ Type (B1a)၊ Area(၉၃၇)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများ ဦးမင်းသုခကျော်[၁၂/ပဇတ(နိုင်)၀၃၃၉၇၃]၊ ဒေါ်ခိုင်သရဖီဒင်[၁၂/ဗတထ(နိုင်)၀၃၇၂၆၈]တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေပြီးဖြစ်ပါသည်။ ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းနောင်နောင်[၁၃/လလန(နိုင်)၀၇၉၀၄၁]**
**ဖုန်း-၀၉-၇၉၆၈၇၇၉၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၀၅၅/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၅၅/ခ)၊ ကေရီ(၅)လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်မြရင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးရဲမင်းနိုင်[၉/ညဥန(နိုင်)၁၆၂၈၁၄]မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်အမည်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condo ကြယ်စင်အိမ်ရာစီမံကိန်း သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B-3)၊(၈)လွှာ၊ အခန်း(၅၂၃) ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလင်းလင်းထွန်း(၉/ပဥလ(နိုင်)၀၁၇၄၀၉)ထံမှကျွန်တော်သိန်းဝင်း(၁၂/ခရန(နိုင်)၀၀၀၂၆၃)သည် အပြီးအပြတ်ဝယ်ရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်မာသော စာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်တော်ဦးသိန်းဝင်းထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဝင်း ၊ ၀၉-၉၆၅၅၅၆၀၁၂

# မြဝတီမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေးပြီး အသွားအလာကန့်သတ်ထားရှိ

**မြဝတီ မေ ၁၀**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး COVID Centre နှင့် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစခန်းများတွင် ကန့်သတ်ထားရှိခြင်းများ နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ဝင်ရောက်လာသူများ၏ အချက်အလက်များကို တိတိကျကျ စာရင်းကောက်ယူခြင်းနှင့် ရောဂါပိုးမရှိသူများကို မြဝတီမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစခန်းများတွင် ပို့ဆောင်ပြီး ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိသူများကို COVID Centre သို့ ပို့ဆောင်ပေးသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❖



## နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် သာသနာရေးဦးစီးဌာနက ကျင်းပသော ၂၀၂၂ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၈၃ ခုနှစ်၊နယုန်လဆန်း ၁၂ ရက်မှ နယုန်လပြည့်ကျော် ၁ ရက်အထိ (၂၀၂၂ ခုနှစ် ဇွန် ၂၁ ရက်မှ ဇွန်လ ၂၅ ရက်အထိ) ၅ ရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသော ရက်အတိုင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# မြန်မာနောက်ခံလူ ဇော်မင်းထွန်း ပြည်ပကလပ်တွင် ဆက်လက်ကစားမည်

**ရန်ကုန် မေ ၁၀**

ထိုင်းကလပ် ဆူခိုထိုင်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားသည့် မြန်မာ့လက်ရွေးစင် နောက်ခံလူ ဇော်မင်းထွန်းသည် ပြည်ပကလပ်တွင်သာ ဆက်လက်ကစားမည်ဖြစ်သည်။

ဇော်မင်းထွန်းနှင့် ဆူခိုထိုင်းအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ဧပြီလက ကုန်ဆုံးသွားပြီဖြစ်သည်။ ဇော်မင်းထွန်းကိုခေါ်ယူရန် ထိုင်းလိဂ်-၂ ကလပ်အသင်းများနှင့် မလေးရှားကလပ်အသင်းများက ကမ်းလှမ်းထားသည်။

ဇော်မင်းထွန်းသည် ထိုင်းကလပ်အသင်းများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး အဆင်မပြေမှသာ မလေးရှားကလပ်သို့ ပြောင်းရွှေ့မည်ဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်တွင် ပြည်ပနိုင်ငံများ၌ စတင်သွားရောက်ကစားခဲ့ပြီး ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းတို့၌ ပါဝင်ကစားခဲ့သည်။



ပြီးခဲ့သည့်ရာသီတွင် မြန်မာကစားသမားအချို့ ထိုင်းကလပ်များတွင် သွားရောက်ကစားခဲ့ပြီး ယင်းကစား သမားများအနက် အောင်သူ(ဘူရီရမ်အသင်း)၊ ဆွမ်လမန် (မြောင်ကန်ယူနိုက်တက်) တို့မှာ စာချုပ် ကျန်ရှိနေသဖြင့် ဆက်လက်ကစားရမည်ဖြစ်ပြီး တိုက်စစ်မှူး ကျော်ကိုကို မှာလည်း ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းလိဂ်-၂ ကလပ် ဖာရေးယူနိုက်တက်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ဆူခိုထိုင်းအသင်း**



ဆရီပါဟန်းတိုက်စစ်မှူး အောင်ကောင်းမာန် ပီရတ်အသင်းဘက်သို့ ထိုးဖောက်နေစဉ်။

# ပီရတ်အသင်းနှင့်ကစားသည့်ပွဲတွင် ဆရီပါဟန်းအသင်းအတွက် အောင်ကောင်းမာန် ပထမဆုံးဂိုးသွင်းယူ

**ရန်ကုန် မေ ၁၀**

မြန်မာလူငယ်တိုက်စစ်မှူး အောင်ကောင်းမာန်သည် မေ ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားသည့် မလေးရှားစူပါလိဂ်ပွဲစဉ်ဖြစ်သော ပီရတ်အသင်းနှင့် ဆရီပါဟန်းအသင်းတို့ပွဲတွင် ဆရီပါဟန်း အသင်းအတွက် ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့သည်။

မေ ၅ ရက်တွင် ဆရီပါဟန်းအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သည့် အောင်ကောင်းမာန်သည် လေးရက်အကြာ မေ ၉ ရက်က ကစားသည့် ပီရတ်အသင်းနှင့်ပွဲတွင် ပွဲထွက်ကစားခွင့်ရခဲ့ပြီး ဂိုးပါသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အောင်ကောင်းမာန်သည် ပွဲချိန် ၃၄ မိနစ်တွင် ပင်နယ်တီဧရိယာအတွင်းရရှိသည့် အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ ဆရီပါဟန်းအသင်းသည် ယင်းပွဲတွင် ပီရတ်အသင်းကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဇယားအောက်ပိုင်းမှ အဆင့် ၉ နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❒

## ကြေးမုံ ယနေ့ ဖတ်စရာ

**စိုက်ပျိုးစီးပွားလုပ်ငန်းရှင်များဖြစ်ကြသည့် တောင်သူလယ်သမားများ၏ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေရေး လိုအပ်ချက်များ ပံ့ပိုးကူညီ**

စာမျက်နှာ » ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားခွဲရုံများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၀